ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့ (11-8-2010) (၆၄၈၇)

## မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၀

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေး-မတ္တရာလမ်းပိုင်း အခြေအနေများ၊ လမ်းဘေးဝဲယာတစ်လျှောက် မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် လမ်းတစ်လျှောက် ကျွန်းစိုက်ခင်းများ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မတ္တရာမြို့နယ် လက်ကောင်းကြီးကျေးရွာ မိုးစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဒေသခံပြည်သူများနှင့်တွေ့ဆုံဆွေးနွေးပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

# ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး ကျေးရွာတစ်ရွာလျှင် စက်ရေတွင်းတစ်တွင်းစီ ဆောင်ရွက်ပေးနိုင် ကျေးရွာလူဦးရေပေါ်မူတည်ပြီး တစ်ရွာလျှင်တစ်တွင်းမှ နှစ်တွင်း၊ သုံးတွင်းအထိ ဆက်လက်တူးဖော်ပေးရန်လို ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုကို နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်

နေပြည်တော် ဩဂုတ် ၁၀

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး (၁၈)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥတ္တရသီရိမြို့ရှိ Mount Pleasant Hotel ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွှန့် တက်ရောက်ပြီး အလှူငွေများ လက်ခံသည်။**

အခမ်းအနားသို့ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ အမှတ်(၂)စက်မှုဝန်ကြီးဌာနက ငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ်သိန်း ၂၀၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ငွေကျပ် ငါးသိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်က ငွေကျပ် ၂၅ သိန်းနှင့် Myanmar Land & Development Co., Ltd. က ငွေကျပ် ၁၀ သိန်း၊ မြန်မာစီးပွားရေး ကော်ပိုရေးရှင်းက ငွေကျပ် ၂၅ သိန်းနှင့် စည်ပင်သာယာရေးဘဏ် လီမိတက်က ငွေကျပ် သိန်း ၈၀၀ တို့ကို ပေးအပ်လှူဒါန်းရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

**နိုင်ငံတော် အေး ချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ကိုယ်စား နယ် စပ် ဒေ သ နှင့် တိုင်းရင်း သား လူမျိုးများ ဖွံ့ဖြိုး တိုးတက် ရေးနှင့် စည်ပင် သာယာရေး ဝန် ကြီးဌာန ဝန်ကြီး ဦးသိန်းညွှန့် ကျေး လက်ဒေသ သန့် ရှင်းသောသောက် သုံးရေ ရရှိရေး (၁၈)ကြိမ်မြောက် အလှူငွေ ပေးအပ် ပွဲ အခမ်းအနား တွင် အလှူရှင် တစ်ဦးထံမှ အ လှူ ငွေ များ ကို လက်ခံစဉ်။**
(နယ်စပ်/စည်ပင်)

**ယခုအချိန်တွင် အပူပိုင်းဒေသ တိုင်းသုံးတိုင်းမှ ကျေးရွာ ၈၀၄၂ ရွာ၊ ၁၀၀ ရာခိုင်နှုန်းအားလည်းကောင်း၊ အခြားပြည်နယ်နှင့်တိုင်းများမှ ကျေးရွာ ၁၅၁၈၃ ရွာ၊ ၁၀၀ ရာခိုင်နှုန်းအားလည်းကောင်း သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ ပြည်နယ်နှင့်တိုင်းအားလုံးရှိ ကျေးရွာပေါင်း ၂၃၂၂၅ ရွာ၊ ၁၀၀ ရာခိုင်နှုန်းအား သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်။**

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ယနေ့ သတင်းအညွှန်း**

**၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမကျော့ပြီးဆုံး၊ ရန်ကုန်ယူနိုက်တက် ပထမရ။** စာမျက်နှာ -၁၁

**ဟာနော့တူ၌ အင်္ဂါနေ့က ပြင်းအား ၇ ဒသမ ၅ မဂ္ဂနီကျူ့ရှိသော ငလျင်လှုပ်ခတ်၊ ဆူနာမီအသေးစားဖြစ်ပေါ်။** စာမျက်နှာ - ၅



ကြေးမုံ The Mirror
၁၁-၈-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

# အင်းလေးကန်ဒေသ ပတ်ဝန်းကျင် လုပစိမ်းလန်းစိုပြည်ရေး ထိန်းသိမ်းထာဝစဉ်

အင်းလေးကန်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ တောင်ပေါ်ရေကန်ကြီးတစ်ခုဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၂၉၀၀ကျော်တွင်တည်ရှိပြီး ဇီဝမျိုးစုံမျိုးကွဲများ ကျက်စားရာ ဒေသတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ၏ အမျိုးသားအမွေအနှစ် သဘာဝ ရေချိုကန်ကြီးဖြစ်ကာ လှပသည့် အင်းလေးကန်နှင့် ပတ်ဝန်းကျင်ဒေသကို ကမ္ဘာလှည့်ခရီးသည်များ စိတ်ပါဝင်စား လေ့လာကြသည်။

အင်းလေးကန်အတွင်း စီးဝင်သော ချောင်းပေါင်းများစွာရှိသည့်အနက် နမ့်လတ်ချောင်း၊ ကလောချောင်းနှင့် ဘီလူးချောင်းတို့သည် အင်းလေးကန်၏ သဘာဝပတ်ဝန်းကျင်ကို ပံ့ပိုးပေးနေသည့် ချောင်းကြီးများဖြစ်သည်။ ရေဝေရေလဲဒေသများ၌ သစ်တောများပြုန်းတီးခြင်း၊ စိုက်ပျိုးရေးနည်းစနစ်အားနည်းခြင်းတို့ကြောင့် မြေဆီလွှာထိန်းသိမ်းမှုကို ထိခိုက်စေပြီး အင်းလေးကန်အတွင်း နုန်းများပို့ချမှု များပြားလာကြောင်း တွေ့ရသည်။

ယခုအခါ အင်းလေးကန်ကြီး မတိမ်ကောစေရေး၊ ဂေဟာစနစ်ရေရှည်တည်တံ့ခိုင်မြဲရေး၊ အင်းလေးကန်သာယာလှပ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဌာနအလိုက် ထိန်းသိမ်းဆောင်ရွက်နေကြပြီ။ ရေဝေရေလဲဒေသ၌ သစ်တောများ ပြန်လည်ပြုစုစိုက်ပျိုးနေကြပြီ။ ကန်အတွင်းစက်ယန္တရားများဖြင့် သဲနုန်းများ တူးဖော်နေကြပြီ။ ရေလမ်းကြောင်း ကောင်းမွန်စေရေး ဗေဒါ၊ ဒိုက်နှင့် ရေမှော်များ ဆယ်ယူနေကြပြီ။

ရေဝေရေလဲဒေသများ၌ သစ်တောသစ်ပင်များ ပြန်လည်ပြုစုစိုက်ပျိုးရာတွင် ဒေသရာသီဥတုနှင့်ကိုက်ညီပြီး ဝင်ငွေရရှိနိုင်သည့် နှစ်ရှည်ပင်များကို ဦးစားပေးစိုက်ပျိုးသင့်ပေသည်။ ပုဂ္ဂလိက နှစ်ရှည်ပင်စိုက်ခင်းများ ပေါ်ပေါက်လာရေး အားပေးကြရပေမည်။ ရွှေ့ပြောင်းတောင်ယာများအစား ကုန်းမြင့်လယ်ယာများ ပြောင်းလဲစိုက်ပျိုးနိုင်ရေး ကူညီဖြည့်ဆည်းပေးကြရပေမည်။

အင်းလေးကန်နှင့် ဒေသဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေခြင်းသည် နိုင်ငံ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူပြုသည်။ သဘာဝအမွေအနှစ်တစ်ခုကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအကျိုးပြုနိုင်မည်ဖြစ်သည်။

အင်းလေးကန်ဒေသရှိ ကျေးရွာအများအပြားသည် ရေပေါ်ကျေးရွာများဖြစ်သည်။ ရိုးရာလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ကောင်းမွန်ဖြစ်ထွန်းသည့် ဒေသဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် သဘာဝမြေဆွေး၊ မြေဩဇာ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးများ ထုတ်လုပ်အသုံးပြုခြင်း၊ ရေဝေရေလဲဒေသ သစ်တောသစ်ပင်များ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြခြင်းဖြင့် အင်းလေးကန်ဒေသပတ်ဝန်းကျင်သည် သာယာလှပ စိမ်းလန်းစိုပြည်နေမည် ဖြစ်ပါသည်။ ။

ရခိုင်ပြည်နယ် သံတွဲခရိုင် ကျိန္တလီမြို့ စည်ပင်သာယာရေးအဖွဲ့၏ မြို့သာယာလှပ ရေးလုပ်ငန်းများကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် စစ်ဆေးရာ မြို့နယ်ခွဲတာဝန်ခံ ဦးမောင်စိန်တင်ပြစဉ်။ (၆၁)

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် သွေးလွန်တုပ်ကွေးကာကွယ်ရေးနှင့် ကလေးဆေးရုံတည်ဆောက်ရေး ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်၊ ကောလိပ်များဖုန်အဆင့် ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၀

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၇ ရက် နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ တိုင်းမှူးသည် မင်္ဂလာဒုံမြို့နယ် သယ်န်းကျွန်းကြီးကျေးရွာသို့ ရောက်ရှိရာ တာဝန်ရှိသူတို့က မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားကာ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျန်းမာရေး အသိပညာပေးဟောပြောပွဲ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်၌ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့သည် ရန်ကင်းမြို့နယ် ကံဘဲ့ရပ်ကွက် သစ္စာလမ်းရှိ ခုတင် (၅၅၀)ဆံ့ ကလေးဆေးရုံ တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက ဆေးရုံတည်ဆောက်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းမှူးသည် ရန်ကုန်တက္ကသိုလ် (အောက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၊ ဖုန်အဆင့်ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများတက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက အလှူငွေ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံသည်။

ဆက်လက်၍ တာဝန်ရှိသူတို့က ဖုန်အလိုက် ဆုရအသင်းများအား တစ်ဦးချင်းဆု၊ နေရာအလိုက် အကောင်းဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းမှူးက ပထမရရှိသော ဒဂုံတက္ကသိုလ်ဘော်လီဘောအသင်းနှင့် ရန်ကုန်ဖုန်(၂)တွင် ပထမရရှိသော တောင်ငူတက္ကသိုလ်ဘော်လီဘောအသင်းတို့အား တံခွန်စိုက်ဆုများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ရန်ကုန်ဖုန် (၂) တွင် ပထမရရှိသော တောင်ငူတက္ကသိုလ် ဘော်လီဘောအသင်းအား တံခွန်စိုက်ဆု ပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၁-၈-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ -ဝါဒကောင်းမွန် ကောင်းကျိုးညွှန်
- ၇း၂၀ ၄။ ဓမ္မပူဇာတေး
- ၇း၂၅ ၅။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိုင်းဆက်ဇာတ်လမ်း... ()အပိုင်း... အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၃၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မင်္ဂဇင်းကဏ္ဍ
- ၄း၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅း၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၅ ၁၄။ **Mail Box**
- ၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် - စွန့်စားသူတို့ပျော်စံရာ (အပိုင်း -၃၇)
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လေဟုန်ခွင်းတဲ့ သူရဲကောင်း (အပိုင်း-၃၉)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ရယ်ရွှင်စရာဟာသပဒေသာ -ဖြစ်ချင်ဦးဟဲ့ သူဌေးခမည်းခမက် (ခိုင်ခုံ၊ ပေါ်လေး၊ အုန်းသီး၊ ချစ်စု၊ တာဇံ၊ နဒီဝင့်နိုင်၊ မျိုးမျိုးခိုင်၊ ထက်အိကလျာ၊ နှိုင်းယှဉ်မြင့်မိုရ်) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
- ၂၂။ အိုင်စီတီသုတ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း (အပိုင်း-၇၀)**
- ၂၅။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

## ကြိုးကြပ်ဆောင်ရွက်

**ဇူလိုင် ၂၅ ရက်က ဘုတ်ပြင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက် ပင်မရေမြောင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် တူးဖော်ရှင်းလင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစိုးမြင့် ကြိုးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်ပြန်/ဆက်)

**ကွယ်လွန်သူမိခင်ကြီး ဒေါ်မြင့်မြင့်သက် (၄)နှစ်ပြည့်အား ရည်စူး၍ ဗိုလ်ရာညွှန့်လမ်း ယောမင်းကြီးရပ်ကွက် ဒဂုံမြို့နယ်နေ ဦးမြတ်သူ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဂုဏ်ထူးဆောင်အဖွဲ့ဝင် ဒေါက်တာကျော်ဝင်း လက်ခံယူစဉ်။**

(ဇီဝိတ)

☆ ကာကွယ်ရေးမှ

ဆက်လက်၍ မတ္တရာမြို့နယ် ဥက္ကံရပ်ကွက်၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ အထိမ်းအမှတ် ကျွန်းပင်ကို စိုက်ပျိုးပေးပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ကျွန်းပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မန္တလေး-မတ္တရာ-စဉ့်ကူးလမ်းပိုင်း အခြေအနေနှင့် လမ်းတစ်လျှောက်ရှိ တံတားများ ကြံ့ခိုင်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး စဉ့်ကူးမြို့နယ် ရွှေပြည်ရွာ၌ တိုက်ရိုက်အစေ့ချမိုးစပါး စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

## ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ကျေးရွာ မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် B.O.T စနစ်ဖြင့် ဆောင်ရွက်နေသည့် မန္တလေး-သပိတ်ကျင်းလမ်း လမ်းအကျယ်တိုးချဲ့ပြီး ကျောက်စီလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

## ပေါင်းစပ်ညှိနှိုင်း

ယင်းနောက် သပိတ်ကျင်းမြို့ တွင်းငယ်ကျေးရွာ တိုက်နယ်ဆေးရုံ တည်ဆောက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဩဂုတ် ၆ရက်တွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာ စိုက်ပျိုးရေးသုတေသနနှင့် တစ်သျှူးအလုပ်ရုံ၌ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ထီးချိုင့်မြို့နယ် မြတောင်ကျေးရွာ ဆိပ်ကမ်း၌ ဒေသခံပြည်သူများအား တွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

## ပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ထီးချိုင့် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးပဒေသာပင် အလှူငွေနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ထီးချိုင့်မြို့ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု၊ထီးချိုင့်မြို့နယ် ရွှေပြည်သာခန်းမ တည်ဆောက်ပြီးစီးမှုနှင့် မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ထီးချိုင့်မြို့နယ် ကွင်းကြီးကျေးရွာ၌ မိုးစပါးစိုက်ခင်းအား စုပေါင်းမြေသြဇာ ကြဲပက်နေမှုကို ကြည့်ရှုအားပေးပြီး မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ၏ မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်ချက်များ မှာကြားပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ဆက်လက်၍ ထီးချိုင့်မြို့နယ် အလည်တောကျေးရွာ တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးဝါးပစ္စည်းများနှင့် ဆေးပဒေသာပင်အလှူငွေများကို တာဝန်ရှိသူများထံ ပေးအပ်ကာ ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အင်းတော်မြို့ လည်ပြင်ကျေးရွာ၌ ဒေသခံတောင်သူများ စုပေါင်းမြေသြဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထို့နောက် B.O.T စနစ်ဖြင့် ဆောင်ရွက်နေသည့် အင်းတော်-ကသာလမ်း လမ်းတိုးချဲ့၍ ကျောက်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မတ္တရာမြို့နယ် လက်ကောင်းကြီးကျေးရွာ၌ မိုးစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကသာမြို့နယ် စစ်မှုထမ်းဟောင်းအိမ်ရာတည်ဆောက်ထားရှိမှုနှင့် ကသာ-စင်းခန်း-ဗန်းမော်လမ်းပိုင်း ဖောက်လုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဝန်ကြီး သူရဦးအေးမြင့် (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့ချုပ်များအား ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၀**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယမန်နေ့ ညနေ ၃ နာရီတွင် (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသော အားကစား လေ့ကျင့်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ အောင်ဆန်းအားကစားပြိုင်ဝင်းသို့ရောက်ရှိပြီး မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်ရှိ မြန်မာ့လက်ရွေးစင်၊ အဖွဲ့ချုပ်လက်ရွေးစင်နှင့် မျိုးဆက်သစ် အားကစားသမားများ၏ လေ့ကျင့်နေမှုများကို လည်းကောင်း၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၌လက်ရွေးစင် အားကစားသမားများ၏ လေ့ကျင့်နေမှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်၌ လက်ရွေးစင် အားကစားသမားများ၏ လေ့ကျင့်နေမှုများကိုလည်းကောင်း၊ ပဒုမ္မာအားကစားကွင်းရှိ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်၌ လက်ရွေးစင် အားကစားသမားများ၏ လေ့ကျင့်နေမှုများကို လည်းကောင်း ကြည့်ရှုအားပေးကာ အဖွဲ့ချုပ်အသီးသီးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အောင်ဆန်းအားကစားပြိုင်ဝင်း၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင်၊ အဖွဲ့ချုပ်လက်ရွေးစင်နှင့် မျိုးဆက်သစ် အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးစဉ်။** (အား/ကာ)

# သားဖွားခန်းအခြေပြု မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပညာပေးသူသင်တန်းအမှတ်စဉ်(၂/၂၀၁၀)ဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၁၀**

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် IPPF /BMZ တို့ ပူးပေါင်းဆောင်ရွက်သည့် သားဖွားခန်းအခြေပြု မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ဆွေးနွေးပညာပေးသူနှင့် ပျို့ရွယ်သူအချင်းချင်း ပညာပေးသူ သင်တန်းအမှတ်စဉ် (၂/၂၀၁၀) ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၉ ရက် နံနက်၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်က အဖွင့်အမှာစကား ပြောကြားပြီး**(အောက်ပုံ)** အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာက မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပညာပေးသူသင်တန်းများပို့ချရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းသို့ အသင်းပိုင်သားဖွားခန်းရှိသော စစ်ကိုင်းတိုင်းမှ ကလေး၊ ကလေးမြို့နယ်(စခန်းကြီး)၊ တမူး၊ ရွှေဘို၊ ကသာ၊ ဟုမ္မလင်းနှင့် ခန္တီးမြို့နယ်တို့မှ သင်တန်းသား ၇၀ တက်ရောက်ကြပြီး သင်တန်းကို ဩဂုတ် ၉ရက်မှ၁၁ ရက်အထိ သုံးရက်တာ သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

**ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က သုခလမ်း ကတ္တရာခင်းနေမှုကို အမှုဆောင်အရာရှိ ဦးတင်ဝင်း ကွင်းဆင်းကြီးကြပ်ပေးစဉ်။**

(မြို့နယ်စည်ပင်)

# မေတ္တာနှင့် စေတနာ သွေးလှူရှင်များအဖွဲ့ အစည်းအဝေးကျင်းပ

**တောင်ငူ ဩဂုတ် ၁၀**

တောင်ငူမြို့ မေတ္တာနှင့် စေတနာ လူမှုရေးကူညီမှုအသင်း၊ မေတ္တာနှင့် စေတနာ သွေးအလှူရှင်များအဖွဲ့၏ သုံးလပတ်ပုံမှန်အစည်းအဝေးကို ဩဂုတ် ၉ရက် မွန်းလွဲပိုင်းက အဖွဲ့ရုံးခန်းမဆောင်၌ ကျင်းပရာ နာယကများ၊ အလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး အသင်းနာယက ဦးကျော်လှ(သမာဓိ)နှင့် စီမံရေးရာဗဟိုကော်မတီဥက္ကဋ္ဌ ဦးမြင့်ညို(အမေ့အိမ်) တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

အခမ်းအနားတွင် သွေးလှူရှင်များအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ငွေး (မိဘမေတ္တာဆန်ပွဲရုံ)က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြ၍ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ သွေးလှူရှင်များအဖွဲ့ နာယက ဦးတင်မောင်ဝင်း-ဒေါ်ယဉ်လတ်(ရွှေဆိုင်) မိသားစုက အလှူငွေကျပ် ၁၁၂၀၀၀၀၊ အဖွဲ့ဝင် ဆရာမကြီး ဒေါ်ငွေဖြူက ငွေကျပ် ၁၀၀၀၀၀၊ ဒေါ်ကျင်မေ (ရွှေစင်မေ-စတိုး)က ငွေကျပ် ၅၀၀၀၀ နှင့် ဒေါ်ကေသီ (ခိုင်ရွှေဝါ-ဝါးတူစက်ရုံ) မိသားစုက ငွေကျပ် ၂၄၀၀၀ တို့ကို သွေးလှူရှင်များအဖွဲ့သို့ လှူဒါန်းခဲ့ကြသည်။

(၄၇၂)

# မိုဂါဒစ်ရှုးတွင် အမြောက်ဖြင့်ပစ်ခတ်၍ ငါးဦးသေဆုံး၊ ၁၂ ဦးကျော် ဒဏ်ရာရရှိ

မိုဂါဒစ်ရှူး ဩဂုတ် ၁၀

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့ ဆင်ခြေဖုံးရှိ ရွှေ့ပြောင်းနေရာချထားပေးခြင်း ခံရသူတို့ကိုထားရှိရာ စခန်းသို့ ညအချိန်တွင် အမြောက်ဆန်များ ကျရောက်ပေါက်ကွဲရာ လူငါးဦးထက်မနည်း သေဆုံးပြီး ၁၂ ဦးကျော် ဒဏ်ရာရရှိသွားကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ဒေသခံသတင်းဌာနများက အင်္ဂါနေ့တွင် ပြောကြားသည်။

ယင်းသို့ ပစ်ခတ်တိုက်ခိုက်မှုများသည် အစ္စလာမ္မစ် အုပ်စုများနှင့် အာဖရိကသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းသူများအဖွဲ့တို့ မိုဂါဒစ်ရှူးမြို့ အနောက်တောင်ပိုင်းတွင် တိုက်ခိုက်မှု၏ အကျိုးဆက်များဖြစ်သည်ဟု ဆိုသည်။

များစွာသော အမြောက်ဆန်များသည် ရွှေ့ပြောင်းနေထိုင်သူများ၏ စခန်းများကို အများဆုံးကျရောက်ထိမှန်ကြောင်း၊ ယင်းနေရာသည် မိုဂါဒစ်ရှူးမြို့၏ အနောက်တောင်ဘက် ၁၃ ကီလိုမီတာတွင်ရှိကြောင်း၊ မိုဂါဒစ်ရှူးမြို့ပေါ်တွင် အကြမ်းဖက်လုပ်ရပ်များ ဆက်လက်ဖြစ်ပွားနေသဖြင့် ထိုနေရာမှ ထွက်ပြေးလွတ်မြောက်လာသူ မိသားစုများ၏ ယာယီစခန်းများရှိကြောင်း ဒေသခံတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**အာဂျင်တီးနားနိုင်ငံ ဗျူနိုအေးရိစ်တွင် အားကစားရုံပြိုကျရာ ကယ်ဆယ်ရေးသမားများနှင့် အပျက်အစီးများကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# အာဂျင်တီးနားတွင် အားကစားရုံပြိုကျ ရှစ်ဦးဒဏ်ရာရ၊ ၁၀ ဦးခန့် ပိတ်မိနေ

ဗျူနိုအေးရိစ် ဩဂုတ် ၁၀

**အာဂျင်တီးနားနိုင်ငံတွင် တနင်္လာနေ့က အားကစားရုံပြိုကျရာ လူရှစ်ဦးဒဏ်ရာရရှိ၍ ၁၀ ဦးကျော်မှာ အပျက်အစီးများအောက်တွင် ပိတ်မိလျက်ရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။**

ဒဏ်ရာရရှိသွားသူများအား ဒေသတွင်းဆေးရုံအသီးသီးသို့ တင်ပို့ပေးထားကြောင်း ဗျူနိုအေးရိစ်မြို့အရေးပေါ်ဌာနမှ ညွှန်ကြားရေးမှူး အယ်လ်ဘာတိုခရီဘီဆန်တီက ပြောကြားသည်။

ဗျူနိုအေးရိစ်မြို့တော်ဝန် မော်ရီဆီယိုမာဆီနှင့် လုံခြုံရေးအကြီးအကဲ ဂွီလာမိုမွန်တီနီဂရိုးတို့၏ ကြီးကြပ်မှုဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်လျက်ရှိကြောင်း၊ မြေတူးစက်ကို အသုံးပြု၍ ကယ်ဆယ်မှုများ ပြုလုပ်နေကြောင်း၊ အပျက်အစီးများအောက်တွင် ပိတ်မိနေသူ ၁၀ ဦးထက်မနည်းရှိမည်ဖြစ်ကြောင်း သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ပျောက်ဆုံးနေသော ဖောက်ခွဲရေးပစ္စည်းများကို ဆိုက်ပရပ်စ်ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိ

**နီကိုးရှား ဩဂုတ် ၁၀**

လွန်ခဲ့သော ရက်သတ္တသုံးပတ်နီးပါးက စစ်ဘက်ဆိုင်ရာ ပစ္စည်းသိုလှောင်ရုံမှ ပျောက်ဆုံးသွားသော ပလတ်စတစ်ဖောက်ခွဲရေးပစ္စည်းများကို ဆိုက်ပရပ်စ်ရဲတပ်ဖွဲ့က တနင်္လာနေ့တွင် ပြန်လည်တွေ့ရှိပြီဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါ စွမ်းအားမြင့် ပီဂျီ-၂ အဆင့်ရှိ ပလတ်စတစ်ဖောက်ခွဲရေးပစ္စည်းများသည် ဇူလိုင် ၂၁ ရက်က ပျောက်ဆုံးသွားခြင်းဖြစ်ကြောင်း၊ ယင်းပစ္စည်းများကို စစ်ဘက်ဆိုင်ရာတပ်စခန်းမှ ကီလိုမီတာ ၂၀ ခန့်ကွာဝေးသော တောတောင်ထူထပ်သည့်ဒေသတွင် ဝှက်ထားသည်ကို တွေ့ရှိရကြောင်း သတင်းတွင် ရေးသားထားသည်။

ရဲတပ်ဖွဲ့မှ သတင်းအရ ယင်းပစ္စည်းများကို တောထဲတွင်ရှာဖွေတွေ့ရှိခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ် မိခါလစ်ကက်ဆိုနိုတိုစ်က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဂွါတာနာမို အကျဉ်းစခန်းမှ အသက်အငယ်ဆုံး အကျဉ်းသားအား အမေရိကန် စစ်တရားရုံးတွင် တရားစီရင်မှုစတင်

**ဝါရှင်တန် ဩဂုတ် ၁၀**

ဂွါတာနာမိုပင်လယ်အော်ရှိ အမေရိကန် ရေတပ်အကျဉ်းစခန်း၌ ထိန်းသိမ်းခံထားရသောအသက်အငယ်ဆုံး အကျဉ်းသားအား တရားစီရင်စစ်ဆေးမှုကို အင်္ဂါနေ့တွင် ပြန်လည်ပြုလုပ်သည်။

ဂွါတာနာမို အကျဉ်းစခန်း၌ ထိန်းသိမ်းခံထားရသောအသက်အငယ်ဆုံး အကျဉ်းသားမှာ ကနေဒါနိုင်ငံသား အိုမာခါဒီးဖြစ်သည်။ ၎င်းကို အာဖဂန်စစ်မြေပြင်တွင် ဆယ်ကျော်သက်ရွယ် တိုက်ခိုက်ရေးသမားအဖြစ် ဖမ်းဆီးရမိခဲ့ပြီးနောက် ရှစ်နှစ်အကြာတွင် တရားစီရင်မှု ပြန်လည်ပြုလုပ်ခြင်းဖြစ်သည်။

### ၁၅ နှစ်မျှသာရှိ

၂၀၀၂ ခုနှစ်တွင် ခါဒီးကို ဖမ်းဆီးရမိခဲ့စဉ်က ၎င်း၏အသက်မှာ ၁၅ နှစ်မျှသာ ရှိသေးသည်။

ဆယ်ကျော်သက်ရွယ် လူငယ်တစ်ဦးကို ထိန်းသိမ်းထားခြင်းနှင့်ပတ်သက်၍ကလေးဥပဒေအကျိုးဆောင်များက သမ္မတ အိုဘားမား၏အစိုးရအဖွဲ့ကို ဝေဖန်ခဲ့သည်။ စစ်ရာဇဝတ်မှုဆိုင်ရာ တရားရုံးတစ်ရုံးတွင် ဆယ်ကျော်သက်ရွယ်တစ်ဦးကို စွဲချက်တင်ကာ ကြားနာစစ်ဆေးခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။ သမ္မတဂျော့ဂျ်ဒဗလျူဘုရှ် လက်ထက်တွင် ယင်းတရားရုံးကို ထူထောင်ခဲ့သည်။

ခါဒီးအား ကြားနာစစ်ဆေးရန် ဂျူရီအဖွဲ့ကို အမေရိကန်စစ်ဘက် အရာရှိများထဲမှ ရွေးချယ်သည်။ ဗုဒ္ဓဟူးနေ့မှစ၍ စောဒကတက်မှုများကို စတင်ကြားနာမည်ဖြစ်ပြီး ကြားနာစစ်ဆေးမှုကာလ ရက်သတ္တပတ် သုံးပတ်ခန့်ကြာမြင့်မည်ဟု မျှော်လင့်ရသည်။ **အင်တာနက်။**

**ဂွါတာနာမို အကျဉ်းစခန်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေးစောင့်ကြပ်လျက်ရှိစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# အာဖဂန်နစ္စတန်တောင်ပိုင်း၌ နေတိုးရဟတ်ယာဉ် ပျက်ကျ

**လက်ချ်ကာဂါ ဩဂုတ် ၁၀**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် ဩဂုတ် ၁၀ ရက်က နေတိုးရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ ရဟတ်ယာဉ်တွင် နည်းပညာဆိုင်ရာပြဿနာဖြစ်ခဲ့ပြီး ဒေသစံတော်ချိန် နံနက် ၄ နာရီတွင် ဂျေရက်ဒေသသို့ ပျက်ကျခဲ့ရာ တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ပြည်နယ်အုပ်ချုပ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဒုအာမာဒီကဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် ရဟတ်ယာဉ်သည် ဆင်းသက်ရာ၌ အခက်ကြုံတွေ့ကာ ပျက်ကျခဲ့ကြောင်းနှင့် ထိုလေယာဉ်ပေါ် လိုက်ပါလာသူလေးဦးစလုံးအသက်အန္တရာယ် မရှိကြောင်း အာဖဂန်နစ္စတန်တောင်ပိုင်းဒေသရှိ နေတိုးတပ်ဖွဲ့က အတည်ပြုချက် ထုတ်ပြန်ခဲ့သည်။ ***ဆင်ဟွာ။***

# တောမီးလောင်ကျွမ်းမှုများကြောင့် မော်စကိုမြို့၏ လေထုညစ်ညမ်းမှုမြင့်တက် မီးခိုးမြူအုံ့ဆိုင်းမှုကြောင့် တစ်နေ့ပျမ်းမျှ လူ ၇၀၀ သေဆုံး

မော်စကို ဩဂုတ် ၁၀

**ရုရှားနိုင်ငံ မော်စကိုမြို့တော်တွင် အပူလှိုင်းကျရောက်မှုနှင့် တောမီးလောင်မှုများကြောင့် ထွက်ပေါ်လာသော အဆိပ်အတောက်ဖြစ်စေတတ်သည့် မီးခိုးမြူများ မြို့တော်တစ်မြို့လုံးကို အုံ့ဆိုင်းနေသဖြင့် တစ်နေ့လျှင် ပျမ်းမျှ လူ ၇၀၀ သေဆုံးရကြောင်း ရုရှားတာဝန်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။**

မော်စကိုမြို့တော်၌ ခြောက်ရက်ကြာမျှ မီးခိုးများ အုံ့ဆိုင်းလျက်ရှိပြီး ကာဗွန်မိုနောက်ဆိုဒ်ဓာတ်ငွေ့များနှင့် အခြား အဆိပ်အတောက်ဖြစ်စေတတ်သော ဓာတ်ငွေ့များထွက်ပေါ်မှုသည် သာမန်အခြေအနေထက် နှစ်ဆ၊ သုံးဆမျှ မြင့်တက်လာကြောင်း မော်စကိုမြို့ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ မီးခိုးမြူများကြောင့် မော်စကိုမြို့၏ လေထုညစ်ညမ်းမှုသည် ပြီးခဲ့သည့်ရက်များအတွင်း စံချိန်တင် အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပြီး အကန့်အသတ်ကို ကျော်လွန်၍ ခုနစ်ဆနီးပါးမျှ ပိုမိုမြင့်တက်လာခဲ့ကြောင်း သိရသည်။

### ဖြစ်ပွားနေဆဲ

ရုရှားအရေးပေါ်ဘေးအန္တရာယ်ဆိုင်ရာ ဝန်ကြီးဌာန၏အဆိုအရ ရုရှားနိုင်ငံတစ်ဝန်းအဓိကအားဖြင့် ရုရှားအနောက်ပိုင်းဒေသများတွင် တောမီးလောင်ကျွမ်းမှုပေါင်း ၅၅၀ ခန့် ဖြစ်ပွားလျက်ရှိပြီး မော်စကိုမြို့ပတ်ဝန်းကျင်နေရာ ၄၀ ခန့်မှာလည်း တောမီးလောင်ကျွမ်းမှုများဖြစ်ပွားနေဆဲဖြစ်ကြောင်း သိရသည်။

### အဆိုးရွားဆုံး

သမိုင်းမှတ်တမ်းများအရ ရုရှားနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော အပူချိန်မြင့်မားမှုသည် နှစ်ပေါင်း ၁၀၀၀ ကျော်ကာလအတွင်း အဆိုးရွားဆုံးဖြစ်ကြောင်း သိရသည်။

***အင်တာနက်။***

**ရုရှားတွင် တောမီးကူးစက်၍ ရွာလုံးကျွတ် ပြာကျသွားခဲ့ရာ အမျိုးသမီးတစ်ဦး နေအိမ်ခေါင်းတိုင်သာကျန်ရစ်ခဲ့သည့် ပြာပုံရှေ့တွင် စိတ်အားငယ်စွာ ထိုင်နေသည်ကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# ကိုလံဘီယာဒုတိယသမ္မတ ဆေးရုံတက်

**ဘိုဂိုတာ ဩဂုတ် ၁၀**

ကိုလံဘီယာ ဒုတိယသမ္မတအသစ် အန်ဂျယ်လီနိုဂါဇွန်သည် တနင်္လာနေ့တွင် နှလုံးဖောက်ပြန်မှုဟု ယူဆရသော နှလုံးရောဂါခံစားရသဖြင့် ဆေးရုံတင်ခဲ့ရာ အခြေအနေကောင်းမွန်ကြောင်း ကျန်းမာရေးအရာရှိများက ပြောကြားသည်။

အသက် (၆၄) နှစ်ရှိ ဂါဇွန်သည် သမ္မတ ဂျွန်မာနျူရယ်လ်ဆန်းတို့စ်၏ ဒုတိယသမ္မတအဖြစ် လွန်ခဲ့သည့် စနေနေ့မှစ၍ တာဝန်ထမ်းဆောင်ခြင်းဖြစ်သည်။

ဘိုဂိုတာမြို့တော်ဝန်ရုံးမှ ကျန်းမာရေးအရာရှိက နှလုံးဖောက်ပြန်မှုရောဂါဖြစ်ဖွယ်ရှိကြောင်း ပြောကြား၍ ဒုတိယသမ္မတသည် အသက်အန္တရာယ်မှ ကင်းဝေးသွားပြီဖြစ်ကြောင်း၊ ခွဲစိတ်ကုသမှုခံယူရန် မလိုအပ်တော့ကြောင်း ဆရာဝန်များက ပြောကြားခဲ့သည်။

***အင်တာနက်။***

# အင်ဒိုနီးရှားတွင် သင်္ဘောတစ်စင်းနစ်မြုပ်၊ ၁၀ ဦးသေဆုံး

**ဂျကာတာ ဩဂုတ် ၁၀**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် တနင်္လာနေ့က သင်္ဘောတစ်စင်းနစ်မြုပ်သွားရာ ၁၀ ဦး သေဆုံး၍ ၇၀ ခန့်ကို ကယ်တင်နိုင်ကြောင်း၊ တစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ သစ်သားဖြင့်ဆောက်ထားသော သင်္ဘောဖြစ်ကြောင်း၊ ဝန်ပိုတင်ဆောင်ထားဟန်ရှိကြောင်း သက်ဆိုင်ရာက အင်္ဂါနေ့တွင် တရားဝင် ထုတ်ဖော်ကြေညာသည်။

အဆိုပါသင်္ဘောသည် အရှေ့နူဆာတင်ဂါရာပြည်နယ်တွင် နစ်မြုပ်ခြင်းဖြစ်သည်ဟုရှာဖွေရေးနှင့်ကယ်ဆယ်ရေးဌာန အကြီးအကဲက ပြောကြားသည်။

သင်္ဘောပေါ်တွင် ခရီးသည် ၈၁ ဦး လိုက်ပါလာကြောင်း၊ သင်္ဘောပေါ်တင်နိုင်သောအရေအတွက်ထက်ပို၍ တင်လာခြင်းဖြစ်ကြောင်း ၎င်းက ဆင်ဟွာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ပြောကြားသည်။

### ရှာဖွေလျက်ရှိ

ယင်းသင်္ဘောသည် တနင်္လာနေ့တွင် ဘိုလန်ကျေးရွာမှ ထွက်ခွာလာကြောင်း၊ ပျောက်ဆုံးနေသူတစ်ဦးကိုလည်း ရှာဖွေလျက်ရှိကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ရေလမ်းကြောင်းလုံခြုံရေးထိန်းသိမ်းမှု အားနည်းချက်ကြောင့် ပင်လယ်ပြင်၌ မကြာခဏမတော်တဆမှုများ ဖြစ်လေ့ရှိသည်ဟုဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၀

**ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဇူလိုင် ၃၀ ရက်တွင် ဘူးသီးတောင်မြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

### မိုးစပါးစိုက်ခင်း

ထို့နောက် ဘူးသီးတောင်-မောင်တောကားလမ်းပေါ်ရှိ တံတားများ ပြုပြင်မွမ်းမံတည်ဆောက်ထားမှုနှင့် တံတားကြံ့ခိုင်မှုအခြေအနေ၊ ဘူးသီးတောင်-မောင်တောကားလမ်းတစ်လျှောက် ကျွန်းစိုက်ခင်းများ၊ မောင်တောမြို့နယ် ငခူရကျေးရွာ၌ မိုးစပါးစိုက်ပျိုးထားမှုနှင့် မောင်တော-ဗန္ဓုလကားလမ်းတစ်လျှောက် မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း ထားဝယ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန၌ ကျင်းပသော သား၊ ငါးကဏ္ဍ တိုးတက်မွေးမြူထုတ်လုပ် ဆောင်ရွက်ရေး ဆွေးနွေးပွဲတွင် ဆွေးနွေးမှာကြားစဉ်။ (မွေး/ရေ)

# မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း သား၊ ငါးကဏ္ဍ တိုးတက်ထုတ်လုပ်ရေး ဆွေးနွေးမှာကြား

ရန်ကုန် ဩဂုတ် ၁၀

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းသည် ဩဂုတ် ၈ ရက် မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်း ထားဝယ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန၌ ကျင်းပသော သား၊ ငါးကဏ္ဍ တိုးတက်မွေးမြူထုတ်လုပ်ဆောင်ရွက်ရေးဆွေးနွေးပွဲသို့ တက်ရောက်ပြီး ရေလုပ်ငန်းကဏ္ဍထုတ်လုပ်မှုမြှင့်တင်ရေး၊ မွေးမြူရေးကဏ္ဍ၊ ဇီဝလုံခြုံမှုနှင့် ရောဂါကြိုတင်ကာကွယ်ရေး၊ အသားကဏ္ဍမှ ပို့ကုန် ဝင်ငွေတိုးတက်အောင်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။**

ဆက်လက်၍ တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးလှထွန်းနှင့် တာဝန်ရှိသူများ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ ရေထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်များက လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမဆောင်၌ ကျင်းပသည့် သား၊ ငါးမွေးမြူ/ဖမ်းဆီး ထုတ်လုပ်မှု တိုးတက်ရေးနှင့် ပို့ကုန်မြှင့်တင်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နောက်ဆုံးရ နိုင်ငံတကာ သဘာဝဘေးအန္တရာယ် သတင်းများ

ရေနံယိုဖိတ်မှု ဖြစ်ပေါ်ခဲ့သော မွမ်ဘိုင်း ပင်လယ်ကမ်းရိုးတန်း တစ်နေရာကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# မွမ်ဘိုင်းကမ်းလွန်၌ ရေနံယိုဖိတ်မှုကို ထိန်းချုပ်နိုင်ပြီ၊ သဘာဝပတ်ဝန်းကျင် ဘေးအန္တရာယ်အတွက် စိုးရိမ်ပူပန်ရ

မွမ်ဘိုင်း ဩဂုတ် ၁၀

**အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ ပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ အခြားသော သင်္ဘောတစ်စင်းနှင့် တိုက်မိခဲ့သော ကုန်သေတ္တာသယ် သင်္ဘောတစ်စင်းမှ ရေနံယိုဖိတ်မှုကို ယခုအခါ ထိန်းချုပ်နိုင်ပြီဖြစ်သော်လည်း သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးနိုင်သည့် ဘေးအန္တရာယ်အတွက် စိုးရိမ်ပူပန်ရကြောင်း ကမ်းရိုးတန်းစောင့် တပ်ဖွဲ့က ဩဂုတ် ၁၀ ရက်တွင် ပြောကြားသည်။**

သင်္ဘောနှစ်စင်း တိုက်မိခဲ့ပြီးနောက် MSC Chitra အမည်ရှိ သင်္ဘောမှ ယိုဖိတ်ခဲ့သည့် ရေနံကို ရှင်းလင်းသုတ်သင်ခဲ့သည်။ ပင်လယ်ပြင် သန့်ရှင်းရေးလုပ်ငန်းသည် ယခုအခါ ပြီးစီးလုနီးပါး အခြေအနေသို့ ရောက်ရှိခဲ့ကြောင်း ယင်းလုပ်ငန်း၌ ပါဝင်သော ရေယာဉ်များနှင့် လေယာဉ်များမှ တာဝန်ရှိသူများက သတင်းပို့ခဲ့ကြသည်။

ပနားမား မှတ်ပုံတင် MSC Chitra သင်္ဘောသည် နစ်မြုပ်သွားခဲ့ပြီး သုံးရက်တာကာလအတွင်း ရေနံ လီတာ ၂၀၀၀ ခန့် ယိုဖိတ်ခဲ့သည်။

အဆိုပါ သင်္ဘောသည် ပင်လယ်ကမ်းရိုးတန်းမှ ရေမိုင် ငါးမိုင်ခန့်အကွာတွင် ၆၀ ဒီဂရီ တိမ်းစောင်းကာ နစ်မြုပ်လျက်ရှိသည်။ သင်္ဘောနစ်မြုပ်မှုနှင့်အတူ ကုန်သေတ္တာများ ပင်လယ်အတွင်းသို့ ကျရောက်ခဲ့သည်။

စုစုပေါင်း ကုန်သေတ္တာ အလုံး ၁၂၀ ရေထဲသို့ ကျရောက်သွားခဲ့ပြီး ယင်းကုန်သေတ္တာများကို ပြန်လည်ဆယ်ယူနိုင်ရန် စီစဉ်လျက်ရှိသည်။

ကာရစ်ဘီယန်ပင်လယ်တွင်းရှိ ကျွန်းနိုင်ငံငယ်လေးဖြစ်သော စိန့်ကစ်ကျွန်းနိုင်ငံမှတ်ပုံတင် MV Khalijia အမည်ရှိ သင်္ဘောသည် ပနားမားသင်္ဘောနှင့် စနေနေ့က မွမ်ဘိုင်းဆိပ်ကမ်းအနီးတွင် တိုက်မိခဲ့သည်။

မွမ်ဘိုင်းဆိပ်ကမ်းနှင့် ဂျဝါဟာလာနေရူးဆိပ်ကမ်းတို့ကို စတုတ္ထနေ့အဖြစ် ဆက်လက်ပိတ်ထားသည်။

***အင်တာနက်။***

# တရုတ်တွင် မြေပြို၍ သေဆုံးသူ ၇၀၂ ဦးအထိရှိလာ

ကျောက်ရူ(တရုတ်) ဩဂုတ် ၁၀

**တရုတ်နိုင်ငံအနောက်မြောက်ပိုင်း၌ မြေပြိုသဖြင့် သေဆုံးသူအရေအတွက်မှာ ဩဂုတ် ၁၀ ရက်တွင် ၇၀၂ ဦးအထိ ရောက်ရှိလာပြီဖြစ်သည်။**

ကယ်ဆယ်ရေးသမားများသည် ရွှံ့နွံများကို လူအားဖြင့်ပင် တူးဖော်လျက်ရှိရာ အသက်(၅၂)နှစ်အရွယ် သက်ကြီးတစ်ဦးကို ကယ်တင်နိုင်ခဲ့သည်။ ၎င်းသည် ကျောက်ရူမြို့အဆောက်အအုံတစ်ခု၏ မြေညီထပ် အခန်းတစ်ခန်းအတွင်း နာရီပေါင်း ၅၀ ကျော်ကြာ ပိတ်မိနေခြင်းဖြစ်သည်။

အနံ့ခံခွေးများနှင့်အတူ ကယ်ဆယ်ရေးသမားများ တွေ့ရှိခဲ့သော အဆိုပါ ပုဂ္ဂိုလ်ကြီးမှာ လျှမာရှင်းဒန်ဟုခေါ်ပြီး အားနည်းလျက်ရှိသော်လည်း အသက်မှန်မှန်ရှူလျက်ရှိသည်ဟုဆိုသည်။

ယင်းမြို့တွင် လူ ၁၀၀၀ ကျော် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အစိုးရက ၁၀၄၂ ဦး ပျောက်ဆုံးနေပြီး ၄၅၀၀၀ ဦး ရွှေ့ပြောင်းပေးနိုင်ခဲ့သည်ဟု ပြောကြားသည်။ ပျောက်ဆုံးနေသူများတွင် မည်၍မည်မျှသည် အန္တရာယ်ရှိနေပြီး သို့မဟုတ် အဆက်အသွယ်ပြတ်တောက်နေသည်ကို မသိရသေးပေ။ အလုပ်သမားများက ယင်းဒေသတွင် ဆက်သွယ်ရေး ပြန်လည်ကောင်းမွန်ရန် ကြိုးစားနေကြသည်။

ယင်းဒေသ၌ နောက်သုံးရက်အတွင်း မိုးပိုမိုရွာမည်ဟု မျှော်လင့်ရကြောင်း တရုတ်မိုးလေဝသဌာနက ကြေညာသည်။ စောင်များ၊ တဲများ၊ အစားအသောက်များနှင့် ရေများကို ဘေးအန္တရာယ်ကျရောက်နေသော ဒေသသို့ အလျင်အမြန် ပို့ဆောင်ပေးလျက်ရှိသည်။ တရုတ်နိုင်ငံတွင် ပြည်နယ်နှင့်ဒေသ ၂၈ ခု၌ ရေလွှမ်းခြင်းကြောင့် လူ ၁၈၀၀ ခန့် သေဆုံးပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ဒေါ်လာဘီလီယံ ဆယ်ဂဏန်းအထိ ရှိသည်ဟုဆိုသည်။ ***အင်တာနက်။***



**မြေပြိုကျသဖြင့် ပျောက်ဆုံးသွားသော ဆွေမျိုးသားချင်းအတွက် ပူဆွေးသောကကို မထိန်းနိုင်ဘဲ ငိုကြွေးနေသူ အမျိုးသမီးတစ်ဦးအား တွဲခေါ်လာနေသည်ကို ဩဂုတ် ၁၀ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ဗာနွားတူတွင် ငလျင်ပြင်းထန်စွာလှုပ်၊ ဆူနာမီအနည်းငယ်ဖြစ်

**ဆစ်ဒနီ ဩဂုတ် ၁၀**

ပစိဖိတ်သမုဒ္ဒရာအတွင်းမှ ကျွန်းနိုင်ငံငယ်လေး ဗာနွားတူ၌ ဩဂုတ် ၁၀ရက်က ပြင်းအား ၇ ဒသမ ၅ မဂ္ဂနီကျု့ရှိသော ငလျင်လှုပ်ခတ်သွားရာ ဆူနာမီ အသေးစားဖြစ်ပေါ်လာပြီး ထောင်ပေါင်းများစွာသော လူများသည် ဘေးကင်းရာ ကုန်းမြင့်ပိုင်းသို့ အလုအယက် ပြေးကြရသည်။

မြို့တော်ပို့ဗီလာမှ ကီလိုမီတာ ၄၀ ခန့်အကွာ သမုဒ္ဒရာကြမ်းပြင်အောက် ၃၅ ကီလိုမီတာကို ဗဟိုပြုပြီး မြို့တော်အတွင်းမှ အဆောက်အအုံများကို ၁၅ စက္ကန့်မျှ ဆွဲခါသွားခဲ့သည်။ သို့သော် အကြီးအကျယ် ပျက်စီးမှုများဖြစ်သည့် သတင်းကိုကား မရရှိပေ။

### ဥဩဆွဲသတိပေး

ဆူနာမီ ဖြစ်ပေါ်လာသည့်အတွက် ရဲတပ်ဖွဲ့က ရွှေ့ပြောင်းကြရန် သတိပေးဥဩဆွဲခဲ့ရာ ဟိုတယ်များ၌ တည်းခိုနေကြသော နိုင်ငံခြားသားများနှင့် ဒေသခံတို့သည် အမြင့်ပိုင်းသို့ ပြေးကြရသည်။

ပြင်းထန်သည့် ငလျင်ဒဏ်ကို ကျွန်းစု၏ မြောက်ပိုင်းကျွန်းများလည်း ခံကြရသည်။ မြို့တော်၏ အမြင့်ဆုံးအဆောက်အအုံများ၌ အလုပ်လုပ်နေကြသော လူများကိုလည်း ရွှေ့ပြောင်းပေးခဲ့ရသည်ဟု မျက်မြင်များက ပြောကြားသည်။




မြို့တော် ပို့ဗီလာကို ၂၃ စင်တီမီတာမြင့်သော ဆူနာမီလှိုင်းများ ရိုက်ခတ်ကြောင်း ပစိဖိတ်ဆူနာမီ သတိပေးဌာနက ပြောကြားခဲ့ပြီး အခြားနေရာများတွင် ယင်းထက်ကြီးမားသော လှိုင်းလုံးများဖြစ်ပေါ်နိုင်ကြောင်း သတိပေးခဲ့သည်။

ဗာနွားတူနိုင်ငံသည် နယူးဇီလန်နိုင်ငံ၏ မြောက်ဘက်၊ ဖီဂျီနှင့် ဩစတြေးလျ နိုင်ငံတို့အကြားတွင် တည်ရှိသည်။ ***အင်တာနက်။***

# ပန်းသတင်း

## လေညှင်းမောင်

**ပစ္စည်းဥစ္စာတည်လိုပါလျှင်-**
**- ချွေတာ**
**- စုဆောင်း**
**- မိတ်ကောင်းရှိစေ**
**- သုံးလေမျှတ**
**ဤလေးဝ မုချ ကြွယ်ဝချမ်းသာတည်း။**

× × ×

ကျွန်တော်က ခနေဖြူမြို့နယ်ကပါခင်ဗျာ။ ခနေဖြူမြို့နယ် အလမျိုးရွာသားပါ။ ကျွန်တော်တို့ရွာက ဟင်္သာတ-ရန်ကုန် ကားလမ်းဘေးမှာ ရှိပါတယ်။ ရန်ကုန်ကို အခုဘုရားဖူးလာကြတာပါ။ အမေတို့ကို ဘုရားဖူးလိုက်ပို့တာလေ။ ရွာက ဦးလေးကြည်ရဲ့ ဟင်္သာတ စက်မှုဇုန်ထုတ် လိုက်ထရပ်ကားလေးနဲ့ပေါ့။ မိဘတွေက အသက်(၇၀/၈၀)ရှိနေပါပြီ။

ကိုယ်ကိုယ်တိုင်က အသက်အရွယ်လေးလဲရလာပြီ။ သားတွေသမီးတွေနဲ့ မိဘရယ်လို့ ဖြစ်လာပြီမို့ ကိုယ့်ကို ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ မိဘတွေကလဲ သက်ရှိထင်ရှားရှိနေတုန်းဆိုတော့ မိဘတွေကို တစ်လှည့်ပြန်ပြီး ပြုစုစောင့်ရှောက်ခွင့်ရတာ သိပ်ကံကောင်းပါတယ်။ ဝမ်းသာပီတိဆိုတာ ဘာပြောကောင်းမလဲ။ ဒါမျိုးက ကိုယ်တိုင် နှစ်နှစ်ကာကာ လုပ်ဖူးကြုံဖူးမှ သိတာကိုး။

ရွာစီးပွားရေးကလည်း တစ်နှစ်ထက်တစ်နှစ် ပိုပိုပြီး ကောင်းလာတယ်။ တာဝန်ကျေစပါးလဲ မရှိ၊ နွေစပါး၊ မိုးစပါး၊ မတ်ပဲနဲ့ တစ်နှစ် နှစ်သီးသုံးသီး စိုက်ရတာကို ပေါက်ဈေးနဲ့ရောင်း၊ စပါးဈေး၊ ပဲဈေးကလဲကောင်း၊ ဟင်းစားလေးကလဲ ချောင်းကြားမြောင်းကြားထဲမှာ တစ်ဖက်တစ်လမ်းက ရှာနိုင်တော့ ရွာမှာ သွပ်မိုး ဖွေးဖွေး၊ ထွန်စက်လေး၊ ဆိုင်ကယ်လေးနဲ့ပေါ့။ ညဘက် ဆိုရင်တော့ တီဗွီလေးဘာလေးကြည့်ပြီး အနားယူကြတယ်။

ရာသီဥတုအနေနဲ့တော့ ဒီနှစ် အခုဝါဆိုထဲမှာ ကျွန်တော်တို့ ခနေဖြူနဲ့ ဇလွန်အစပ်မှာ မိုးနည်းနည်းနည်းတယ်။ ရေပါနည်းတာပေါ့လေ။ တချို့လယ်တွေ စိုက်ရေရအောင် စက်ရေတွင်းတူးပြီးတော့ ရေနည်းနည်းကူရတယ်။ ရေတွင်းတစ်တွင်းတူးရင် တစ်သိန်းခွဲ၊ နှစ်သိန်းဝန်းကျင်လောက်တော့ကုန်တယ်။ ဒါပေမယ့် ကျွန်တော်တို့ရွာ သမဝါယမအသင်းနဲ့ ဗဟိုသမဝါယမအသင်းတို့ ပေါင်းပြီး ရေတစ်တွင်းကို ငွေကျပ်တစ်သိန်းခွဲနှုန်းနဲ့ ရေတွင်းပေါင်း ၁၀၀ အတွက် ငွေကျပ်သိန်း ၁၅၀ ချေးပေးတယ်လေ။ ဇလွန်မြို့နယ်မှာလဲ လိုအပ်နေတဲ့ စက်ရေတွင်း ၂၉၆ တွင်းအတွက် ငွေကျပ် ၄၄၄ သိန်း ထုတ်ချေးပြီးပြီလို့ကြားတယ်။ အဆင်ပြေပါတယ်။ အချိန်မီ ပုံမှန်စိုက်လို့ရသွားတာပေါ့။

စိုက်ပျိုးစရိတ် အနေနဲ့လည်း စိုက်ပျိုးရေးဘဏ်က ပုံမှန်ထုတ်ချေးပါတယ်။ ကုမ္ပဏီလုပ်ငန်းရှင်တွေကလဲ သူ့နေရာဒေသအလိုက် စိုက်စရိတ်အထောက်အကူရဖို့ နှစ်ကျပ်တိုးနှုန်းနဲ့ ထုတ်ချေးပေးတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ရွာ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းကလည်း သမဝါယမဝန်ကြီးဌာနနဲ့ ဗဟိုသမဝါယမအသင်းရဲ့ အစီအစဉ်နဲ့ တစ်ဧက ငွေကျပ် ၃၀၀၀၀ နှုန်းနဲ့ မိုးစပါးစုစုပေါင်း ၁၁၈၈၇ ဧကအတွက် ငွေကျပ် ၂၆၄၆ ဒသမ ၅ သိန်း ထုတ်ချေးပေးပါတယ်။ မိုးစပါးအတွက် ချေးငွေတွေပြန်ဆပ်ပြီး ၁၅ ရက်ပဲ ကြာပါတယ်။ ဆောင်းသီးနှံအတွက် တစ်ခါထပ်ချေးပေးတယ်။ အတိုးက နှစ်ကျပ်ခွဲနှုန်းပေါ့။

ရွာမှာ သမဝါယမအသင်းဖွဲ့ဖို့လုပ်တဲ့ အစည်းအဝေးမှာ ဧရာဝတီတိုင်း သမဝါယမဦးစီးဌာနက တာဝန်ရှိသူက "သမဝါယမအသင်းရဲ့ စိုက်ပျိုးစရိတ်ချေးငွေက အတိုးနှုန်း နှစ်ကျပ်ခွဲယူလို့ ကုမ္ပဏီတွေက ယူတဲ့အတိုး နှစ်ကျပ်နှုန်းထက် ပိုတယ်မထင်ပါနဲ့။ တကယ့်ငွေရင်းအပေါ် ယူမယ့် အတိုးက တစ်ကျပ်ခွဲသာ ဖြစ်ပါတယ်။

ကျန်တဲ့ တစ်ကျပ်က ရွာနဲ့အသင်းသားတွေအတွက် ကျန်ခဲ့မှာ ဖြစ်ပါတယ်။ လုပ်တဲ့စနစ်ချင်း မတူပါဘူး။ **အရင်းအနှီး မရှိလို့ ဝင်ငွေမရှိ၊ ဝင်ငွေမရှိလို့ မစုနိုင်၊ မစုနိုင်လို့ အရင်းအနှီး မရှိဆိုတဲ့ ဆင်းရဲမွဲတေမှု သံသရာက လွတ်အောင်၊ ငွေကြေးစုဆောင်းတတ်တဲ့ အကျင့်ကောင်းတွေရအောင်၊ အသင်းဝင်တွေရဲ့ လူနေမှုဘဝမြင့်မားအောင်၊ အသင်းသားတွေ နေထိုင်ကြတဲ့ ရပ်ရွာတွေ ဖွံ့ဖြိုးတိုးတက်အောင် သမဝါယမနည်းလမ်းနဲ့ အသင်းဖွဲ့ပြီး လက်တွေ့လုပ်သွားမှာ ဖြစ်ပါတယ်"** တဲ့ ရှင်းပြပါတယ်။

**"အပြောကတော့ ရွှေမန်း၊ အကကျတော့ ချိုမိုင်မိုင်"** လို့ မထင်နဲ့ဦး။

**"အပြောမဟုတ်၊ အလုပ်သက်သေ"** တစ်ကယ်အစစ်ဗျ။ ကျွန်တော်တို့အသင်းက စိုက်ပျိုးစရိတ် တစ်ခါချေးရင် ချေးငွေရဲ့ ၁၀ ရာခိုင်နှုန်းကို ကျွန်တော်တို့ အသင်းသားတစ်ဦးချင်း ကိုယ်ပိုင်စုငွေအဖြစ် အသင်းမှာ မဖြစ်မနေ စုဆောင်းရတယ်။ အတိုးနှုန်း နှစ်ကျပ်ခွဲထဲက တစ်ကျပ်ခွဲကို ဒီလိုစိုက်ပျိုးစရိတ် ချေးငွေလုပ်ငန်းတွေ တိုးချဲ့နိုင်ဖို့ မတည်ငွေပေါ် အတိုးအဖြစ် ဗဟိုအသင်းက ယူတယ်။ ကျန်တဲ့အတိုး တစ်ကျပ်ထဲက ပြား ၄၀ ကို အသင်းရဲ့ စီမံအုပ်ချုပ်မှုစရိတ်ဖြစ်တဲ့ ရွာက ဘွဲ့ရကလေးတစ်ယောက် စာရေးခန့်ရတာတို့၊ ရုံးကစာရွက်စာတမ်းဖိုးတို့၊ မြို့သွားတဲ့ စရိတ်တို့၊ အမှုဆောင်လူကြီး သုံးယောက်ကိုလဲ ကြီးကြပ်ခအဖြစ် တစ်လ ၅၀၀၀ လောက် ထောက်ပံ့ပေးတာတို့၊ နောက်ပြီးတော့ ကျွန်တော်တို့ တစ်ဦးချင်း စုဆောင်းငွေပေါ်မှာ တစ်ကျပ်ခွဲနှုန်းနဲ့ အတိုးပြန်ပေးတာတို့ အဲဒီမှာ ပြန်သုံးတာ ဖြစ်ပါတယ်။ ကျန်တဲ့ပြား ၆၀ ကိုတော့ အသင်းသားမိသားစုတွေ နေထိုင်ကြတဲ့ ကျေးရွာရဲ့ စာသင်ကျောင်း၊ ဆေးခန်း၊ ကျေးလက်လမ်း စတာတွေ ပြုပြင်တည်ဆောက်ဖို့ အများသဘောတူသုံးတာ၊ လှူဒါန်းတာ ဖြစ်ပါတယ်။

အခုဆိုရင် ကျွန်တော်တို့ရွာအသင်းက ရွာစာသင်ကျောင်းမှာလိုတဲ့ စာသင်ခုံတို့၊ ဘာတို့ အတွက်နဲ့ လမ်းအတွက် သိန်း ၄၀ လှူပြီးပြီ။ နောက်ထပ် ၁၅ သိန်းလောက် ထပ်လှူဖို့ ကျန်သေးတယ်။ ဒါကျွန်တော်တို့ ဒီစနစ်စခဲ့တဲ့ ၂၀၀၈ မိုးစပါးကနေ ခုချိန်အထိ ဖြစ်ပါတယ်။ ခုဆိုရင် ကျွန်တော့်အစုထည့်ဝင်ငွေက ၁၃၀၀၀ ကျော်ရှိပြီ။ ကိုယ်ပိုင်စုဆောင်းငွေကတော့ ၉၄၀၀၀ ကျော်လောက် စုမိနေပြီ။

သမဝါယမလူကြီးတွေကလည်း စီမံအုပ်ချုပ်ကွပ်ကဲမှုတွေ ကောင်းပါတယ်။ အရင်ခေတ်တုန်းက သမဝါယမလူကြီးတွေလို မဟုတ်ပါဘူး။ အသင်းဖွဲ့ပါ ဆိုကတည်းက အသင်းလူကြီးဆိုတာ ပညာအရည်အချင်းလည်းရှိ၊ စီးပွားရေးအခြေခံလဲကောင်း၊ ကိုယ်ကျိုးမဖက်ဘဲနဲ့ အသင်းလုပ်ငန်းကို စိတ်ဝင်တစားနဲ့ အချိန်ပေးလုပ်နိုင်သူ၊ အများက ကြည်ညိုလေးစားတဲ့ လူမျိုးတွေကို ရွေးသင့်တယ်လို့ သတ်မှတ်ပေးလို့ အဲဒီလိုလူမျိုးကို အများသဘောကျ ရွေးထားခဲ့ကြတာ ဖြစ်ပါတယ်။

အသင်းသားလဲ အသင်းသားရဲ့ အရည်အချင်းရှိရတယ်ဗျ။ ရွာမှာလည်း တကယ်နေ၊ လယ်မြေလည်း တကယ်ရှိ၊ သတ်မှတ်အစုငွေလဲ ထည့်နိုင်၊ ငွေလဲ တကယ်စုနိုင်မှ အသင်းဝင်ခွင့်ရတာပါ။ ပြီးတော့ အသင်းရဲ့ ငွေနဲ့ ပိုင်ဆိုင်ပစ္စည်းတွေကို အရင်ကလို သမဝါယမအသင်းဆိုင်မှာ ထားတာမျိုးမဟုတ်ပါဘူး။ အသင်းရဲ့ ငွေတွေက ကျွန်တော်တို့လို အသင်းသားတစ်ဦးချင်းဆီမှာ စိုက်ပျိုးစရိတ်ချေးငွေအဖြစ်နဲ့ ရောက်နေတာဆိုတော့ သမဝါယမလူကြီးက မဟုတ်တာလုပ်လို့ ဆုံးရှုံးနိုင်ခြေလည်း အလွန်နည်းပါတယ်။ တစ်ဦးချင်းစီမှာရှိတဲ့ ချေးငွေကိုလည်း (အာမခံပစ္စည်းမပါပေမယ့်) ကိုယ်နှစ်သက်ရာ ငါးယောက်တစ်ဖွဲ့ ဝိုင်းကြီးချုပ်စနစ်(အာမခံ)နဲ့ ထိန်းထားပါတယ်။ ပြီးတော့ တစ်ရွာတည်းသားချင်းတွေဆိုတော့လည်း စိတ်ချရပါတယ်။ မြို့က သမဝါယမဦးစီးမှူးကလည်း အနည်းဆုံး နှစ်ပတ်တစ်ခေါက်လောက် လာကြည့်နေတာဆိုတော့ စိုက်ပျိုးရေးဆိုင်ရာ မျိုးကိစ္စ၊ ပိုးကိစ္စ၊ ရေကိစ္စစသည်ဖြင့် အကြောင်းတစ်စုံတစ်ရာ ဖြစ်ရင်လဲ အချိန်မီ သတင်းပေးနိုင်ကြတယ်။

ဧရာဝတီတိုင်းရုံးက တာဝန်ရှိသူတွေလည်း တစ်လတစ်ခေါက်လောက်တော့ ရောက်လာတယ်။ ကျွန်တော်တို့ အသင်းက ရွာစာသင်ကျောင်းနဲ့ လမ်းအတွက် အလှူငွေ သိန်း ၄၀ ပေးတဲ့ပွဲတုန်းက ဇလွန်မြို့နယ်မှာလည်း ကျွန်တော်တို့လို စိုက်ပျိုးရေးသမဝါယမအသင်းတွေက အသင်းသားတွေနေထိုင်ရာ ရွာတွေမှာရှိတဲ့ စာသင်ကျောင်း၊ ဆေးခန်းနဲ့ လမ်းတွေအတွက် ကျေးလက်ဖွံ့ဖြိုးရေး ရန်ပုံငွေအဖြစ် လှူဒါန်းလိုက်တာ သိန်း ၂၅၀ ကျော်တောင်ရှိသွားပြီလို့ ကြားသိလိုက်ရတယ်။ ဆက်ပြီးတော့လည်း လုပ်ကြဦးမှာတဲ့။ ဒါကြောင့် သမဝါယမအသင်းကို အကြောင်းပြုပြီးတော့ ရွာရဲ့ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးနဲ့ သောက်သုံးရေရရှိရေးတွေ အရှိန်အဟုန်နဲ့ တိုးတက်အောင် လုပ်နိုင်နေပြီတဲ့။ တစ်နည်းအားဖြင့်ဆိုရင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေကို သမဝါယမက အားစိုက်ခွန်စိုက် အောင်မြင်အောင် လုပ်လိုက်တာပဲတဲ့။

ဒီထက်ပိုပြီး ကြီးကြီးကျယ်ကျယ်ပြောရရင် ကမ္ဘာ့ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်တွေဖြစ်တဲ့ ၂၀၁၅ ခုနှစ်မှာ ဆင်းရဲနွမ်းပါးမှုနဲ့ ငတ်မွတ်မှုအချိုး ထက်ဝက်လျှော့ချရေး၊ လူတိုင်း အခြေခံပညာပြီးဆုံးရေး၊ ကျား၊ မ တန်းတူရှိရေး၊ ကလေးသူငယ်သေဆုံးမှု၊ မိခင်သေဆုံးမှုတွေကျဆင်းရေး၊ AIDS နှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာလုံးဆိုင်ရာ မိတ်ဆွေတွေနဲ့ ပူးပေါင်းဆောင်ရွက်ရေးဆိုတာတွေနဲ့ အာဆီယံဒေသအတွင်း ရည်မှန်းချက်တွေကို သမဝါယမက လက်တွေ့ကျကျလုပ်နေတာလို့ ဆိုပါတယ်။

သမဝါယမအသင်းတွေကြောင့် ကျွန်တော်တို့အတွက်ကတော့ တကယ်လက်တွေ့အကျိုးခံစားရတာပါ။ အခုစိုက်ပျိုးစရိတ်ချေးငွေရတော့ အပြင်က ရွှေပေါင်တိုးငါးကျပ်ထက် သက်သာတယ်။ အကြွေးပူမရှိတော့ဘူး။ အရင်းအနှီးရဖို့ ဘယ်လိုစုရဆောင်းရတယ်ဆိုတာလည်း နားလည်ပြီ။ အသင်းကရတဲ့ အကျိုးအမြတ်ကလေးနဲ့ ရွာက ကလေးတွေရဲ့ စာသင်ကျောင်းအတွက် လိုတဲ့ စာသင်ခုံတွေဖြည့်ပေးနိုင်ပြီ။ ရွာချင်းဆက်လမ်း၊ ရွာတွင်းလမ်းတွေကိုလည်း ပြင်နိုင်ပြီ။ ရွာဆေးခန်းမှာ အရေးပေါ်ဆောင်ထားရမယ့် ဆေးတွေလည်း ဝယ်ပေးပြီးပြီဆိုတော့ ကျွန်တော်တို့ရွာက သမဝါယမအသင်း ဒီလိုစနစ်တကျနဲ့ ကြပ်ကြပ်မတ်မတ် လည်ပတ်နေသမျှ ကျွန်တော်တို့ရဲ့ စီးပွားရေး၊ ကလေးတွေရဲ့ ပညာရေး၊ ကျန်းမာရေးကိစ္စတွေ တိုးတက်အောင် ဒီထက်ပိုပြီး အဆက်မပြတ် လုပ်ပေးနိုင်မယ်ဆိုတာတော့ အသေအချာပဲဗျို့။

**"ကြိုးစားရှာ၊ ကောင်းစွာစောင့်ရှောက်၊ ဝင်ပေါက်ထွက်ပေါက်မျှတစေ၊ မိတ်ဆွေကောင်းကို ပေါင်းပါလေ"** ဆိုတဲ့ ကြီးပွားကြောင်းတရား လေးပါး ဘုရားဟောရှိတယ်မဟုတ်လား။

**"အင်း. . . ကျွန်တော်တို့ ရွာက လူတွေအတွက်တော့ သမဝါယမဝန်ကြီးဌာနနဲ့ ဗဟိုသမဝါယမအသင်းက တကယ့်မိတ်ဆွေကောင်းတွေပေါ့"** သူတို့နဲ့ ပေါင်းရတာ တစ်ဦးချင်းသာမကဘူး၊ တစ်ရွာလုံးတစ်နယ်လုံးအတွက် အကျိုးရှိကြတယ်။

တစ်နိုင်ငံလုံးမှာရှိကြတဲ့ ကျွန်တော်တို့နဲ့ ဘဝတူတောင်သူလယ်သမားတွေကို ဒီလိုမျိုး အကျိုးဖြစ်ထွန်းအောင်၊ လူနေမှုဘဝမြင့်မားအောင် ဆက်လက်စွမ်းဆောင်ပေးနိုင်ပါစေလို့ နေ့တိုင်း ဆုတောင်းနေပါတယ်။

ဟော-ဘုရားဖူးကားက ပြန်တော့မလို့ လူစုနေပြီ။ စကားပြောလို့တော့ ကောင်းပါရဲ့။ ဇလွန်ပြည်တော်ပြန်ဘုရားကြီး လာဖူးရင်းနဲ့ ကျွန်တော်တို့ရွာကို ဝင်ခဲ့ပါလို့ ဖိတ်ခေါ်ပါတယ်။ သွားလိုက်ပါအုံးမယ်။ ။

---

## Xerox မိတ္တူကူးစက်များ တင်သွင်းဖြန့်ချိရောင်းချ

**နေပြည်တော် ဩဂုတ် ၁၀**

Concordia Int'l Co., Ltd. က မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိသော Xerox ကုမ္ပဏီမှ အရည်အသွေးမြင့် အကြမ်းခံမိတ္တူကူးစက်များ ရောင်းချပွဲကို ဩဂုတ် ၁၂ ရက်မှ ၁၄ ရက်ထိ သုံးရက်တိုင်တိုင် နံနက် ၈ နာရီမှ ညနေ ၅ နာရီထိ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးတို့ရှိ Concordia Show Room များနှင့် အရောင်းကိုယ်စားလှယ်များတွင် ရောင်းချပေးသွားမည် ဖြစ်သည်။

အဆိုပါ Promotion ပွဲတွင် Fuji Xerox မှ ထုတ်လုပ်သော A0 Size မိတ္တူကူးစက်များ၊ A3 Size ကာလာ၊ အဖြူအမည်း မိတ္တူကူးစက်များ၊ 3 in 1, 4 in 1 မိတ္တူကူးစက်များ၊ A4,A3 လေဆာပရင်တာများ၊ ကာလာလေဆာပရင်တာများ၊ Projector များ၊ Electronic Copy Board များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။

အထူးအစီအစဉ်ဖြင့် A3 မိတ္တူကူးစက် တစ်လုံးဝယ်ယူသူတိုင်းအတွက် စွမ်းရည်ပြည့် အဖြူအမည်း ပရင်တာတစ်လုံး မေတ္တာလက်ဆောင်ပေးခြင်း၊ Fuji Xerox ဝယ်ယူခဲ့သော Customer များအတွက် Toner, Drum, Cartridge များအား ငါးရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ လျှော့ချ ရောင်းချပေးသွားခြင်းအပြင် နှစ်သက် သုံးစွဲသူများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် အထူးအခွင့်အရေးတစ်ရပ်အဖြစ် Fuji Xerox ၏ စွမ်းဆောင်ရည်မြင့် အရည်အသွေးကောင်းမွန်ခြင်းတို့ကို မိမိကြိုက်နှစ်သက်သလို Demo များကို စမ်းသပ်နိုင်ရန် စီစဉ်ထားရှိသည်။

ဆက်သွယ်မေးမြန်းဝယ်ယူလိုပါက Concordia Co., Ltd. ရန်ကုန်မြို့ (၃)လွှာနှင့် (၅)လွှာ ရွှေဂုံပလာဇာ ဗဟန်းမြို့နယ် ဖုန်း-၀၁-၇၃၀၀၉၂၂၁၊ ၇၃၀၀၉၂၁၅၊ ၇၃၀၀၉၂၁၆၊ ၀၉-၅၀၆၂၆၀၁ နှင့် ၀၉-၈၀၃၁၃၇၃၊ Fax-၉၅၁-၅၄၄၁၉၉၊ မန္တလေးမြို့ အမှတ် (၅) မြေညီထပ် SY အဆောက်အအုံ လမ်း (၃၀) ၇၇ လမ်းနှင့် ၇၈ လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၉-၅၀၆၇၁၇၂၊ ၀၂-၉၁၀၀၁၉၈၃၊ ၀၂-၃၆၄၇၈ နှင့် ၀၂-၉၆၃၀၃၊ နေပြည်တော် အမှတ်(၁၄၄) သီရိရတနာ အဆင့်မြင့်ဈေး ဖုန်း-၀၉-၄၉၂၀၀၉၄၈၊ ၀၆၇-၄၂၀၈၁၉ နှင့် ၄၂၁၃၆၂ တို့တွင် ဆက်သွယ်မေးမြန်း ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ တာမွေမြို့နယ် သမိန်ဗရမ်းလမ်းနေ ကွယ်လွန်သူ ဖခင် ဦးတင်ဦး-မိခင် ဒေါ်ကြင်၊ အစ်ကို ဦးမြကြူတို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုက ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ လေးထပ်ဘိုးဘွားဆောင်သစ်နှင့် သောက်သုံးရေလှောင်ကန်အတွက် ငွေကျပ်ခုနစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

## စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ ၂/၂၀၁၀

**ရန်ကုန် ဩဂုတ် ၁၀**

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်း (MIEGA)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)တို့ ပူးပေါင်းစီစဉ်မှုဖြင့် စီးပွားရေးပညာရပ်ဆိုင်ရာ ဟောပြောပွဲ ၂/၂၀၁၀ ကို ကျင်းပမည်ဖြစ်ရာ ECONOMICS SYMPOSIUM SERIES. MYANMAR BEYOND 2010: STRATEGIC OPPORTUNITIES.2. The role of private sector in the Changing Political Economy ခေါင်းစဉ်ဖြင့် ဦးလှမောင်(သံအမတ်ကြီး-ငြိမ်း)၊ ဦးဝင်းအောင်(ဒုတိယဥက္ကဋ္ဌ) UMFCCI၊ ဒေါက်တာမောင်မောင်လေး (အထွေထွေအတွင်းရေးမှူး) UMFCCI၊ ဦးတင်ဝင်းအောင်(ဥက္ကဋ္ဌ) MIEGA, Chairman MCC၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက် (အကြံပေး/ကုလသမဂ္ဂ)တို့က ငါးပွင့်ဆိုင်ဆွေးနွေးပွဲပုံစံဖြင့် UMFCCI အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်တွင် ဩဂုတ် ၁၄ ရက် (စနေနေ့)မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ဟောပြောမည်ဖြစ်ရာ တက်ရောက်လိုသူများ ဦးရဲမြင့်(ဒုတိယဥက္ကဋ္ဌ) (MIEGA) ဖုန်း-၂၄၆၆၃၄၊ ၀၉-၅၀၄၈၈၇၆ နှင့် UMFCCI ဖုန်း-၂၁၄၃၄၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုစစ်ဆေး

**ဗန်းမော် ဩဂုတ် ၁၀**

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိရတနာဈေးအတွင်း မီးဘေးကာကွယ်ရေးနှင့် ဆက်သွယ်ထားသည့် လျှပ်စစ်မီးဝါယာကြိုး၊ ဆက်စပ်ပစ္စည်းများ အန္တရာယ်ကင်းရှင်းမှုရှိစေရေးအတွက် ဇွန် ၁၆ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်က ကွင်းဆင်းစစ်ဆေးရာ ဦးစီးအရာရှိ ဦးမြင့်ဦးနှင့် ဒုတိယ ဦးစီးမှူး(ဈေး) ဦးတင်မောင်သန်းတို့က လုံခြုံရေးမီးလိုင်းနှင့် အုပ်ချုပ်မှုမီးလိုင်းများ ခွဲခြားထားမှုအခြေအနေအား ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

**ဥတုရာသီ တောကိုမီး၏**

# သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၀

**သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။**

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်ထွန်း၊ မြန်မာနိုင်ငံသစ်သီးဝလံ ဟင်းသီးဟင်းရွက်နှင့် ပန်းမန် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် အလုပ်အမှုဆောင်များ၊ အစုအဖွဲ့များမှ တာဝန်ရှိသူများ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ တင်ပို့ရောင်းချသူ ကုန်သည်လုပ်ငန်းရှင်များ၊ ကုန်စည်ဒိုင် တာဝန်ခံများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ကုန်သွယ်ရေးနှင့်ဆက်စပ်သည့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန် စိုက်ပျိုးထုတ်လုပ်ရောင်းချမှု ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဌာနဆိုင်ရာများ နယ်မြေအလိုက်အစုအဖွဲ့များ၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူလယ်သမားများ၊ ကုန်သည်ပွဲစားများနှင့် ပြည်ပတင်ပို့သူများ၏ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုကြောင့် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာကြောင်း၊ တွေ့ရှိရသည့် အတွေ့အကြုံများကို ဆွေးနွေးပွဲ၌ ညှိနှိုင်းပြီး စိုက်ပျိုးထုတ်လုပ်သည်မှ ဆွတ်ခူးမှု၊ ထုပ်ပိုးမှု၊ သယ်ဆောင်မှု၊ ဈေးကွက်တင်ပို့ရောင်းချမှု အဆင့်ဆင့် အပေါ် အားနည်းချက်များကိုပြုပြင်ပြီး အကျိုးစီးပွား ပိုမိုတိုးတက်ဖွံ့ဖြိုးရန် လက်တွေ့လုပ်ငန်းစဉ်များကို အချိန်ဇယားဆွဲ ဆောင်ရွက်သွားရေး မှာကြားခဲ့သည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးဝင်းအောင်နှင့်အစုအဖွဲ့ တာဝန်ခံများ၊ နယ်မြေဒေသအသီးသီးမှ စိုက်ပျိုးထုတ်လုပ်ရောင်းချသူများက ဆွေးနွေးညှိနှိုင်း၍ ညနေပိုင်းတွင် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။

(သတင်းစဉ်)

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ငွေစုငွေချေးသမအသင်း နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် ဩဂုတ် ၁၀**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)၌ ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဟန် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ယင်းနောက် နှစ်ပတ်လည် အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေစာရင်းတို့ကို ဖတ်ကြားအတည်ပြုကြကာ အသင်းဝင် ၂၅၆ ဦးတို့အား စုဆောင်းငွေအပေါ် အမြတ်ငွေများ ခွဲဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အစည်းအဝေးတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းဟန် အမှာစကားပြောကြားစဉ်။**

(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)



## ဂုဏ်ပြုဆုချီးမြှင့်

**ဩဂုတ် ၇ ရက်က အထက(၂) လှိုင် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘ ဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရရှိသော မစိမ်းလဲ့ထူးအား ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ဦးကြည် ဂုဏ်ပြုဆုချီးမြှင့်စဉ်။**

(ကြေးမုံ)

## နိုင်ငံတစ်ဝန်း ဇူလိုင်လအတွင်း မီးလောင်မှု (၃၄)ကြိမ်ဖြစ်ပွားခဲ့

**ရန်ကုန် ဩဂုတ် ၁၀**

ဇူလိုင်လအတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှု (၃၄)ကြိမ်ဖြစ်ပွားခဲ့ပြီး မီးဖိုမီး/ပေါ့ဆမီး (၂၇)ကြိမ်၊ အလိုအလျောက်နှစ်ကြိမ်၊ လျှပ်စစ်မီးသုံးကြိမ်၊ မသမာသူရှို့မီး နှစ်ကြိမ်ဖြစ်သည်။

အိမ်ခြေအဆောက်အအုံ အလုံး ၈၀ မီးလောင်ခံရပြီး လူ ၁၈၀ အိုးမဲ့အိမ်မဲ့ဖြစ်ကာ ခုနစ်ဦးဒဏ်ရာ ရရှိခဲ့သည်။

### မီးဖိုမီး/ပေါ့ဆမီး

မီးဖိုမီး/ပေါ့ဆမီး (၂၇)ကြိမ်ပါဝင်သဖြင့် မီးကိုမဆင်မခြင်ပေါ့ဆစွာ သုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ်စုစုပေါင်း၏ ၇၉ ဒသမ ၄၁ ရာခိုင်နှုန်းခန့် ပါဝင်သည်ကိုတွေ့ရသည်။

မီးလောင်မှုအကြိမ်များကို ပြည်နယ်/တိုင်းအလိုက် ဆန်းစစ်ကြည့်ရာ မန္တလေးတိုင်း၌ အကြိမ်အများဆုံး၊ ရန်ကုန်တိုင်း၌ဒုတိယအကြိမ်အများဆုံး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် တတိယအကြိမ်အများဆုံး ဖြစ်ပွားခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

မီးလောင်မှုများ၏ ဆုံးရှုံးမှုတန်ဖိုးများကို ပြည်နယ်/တိုင်းအလိုက် ဆန်းစစ်ကြည့်ရာတွင် ကရင်ပြည်နယ်၌ ဆုံးရှုံးမှုအများဆုံး၊ ရန်ကုန်တိုင်း၌ ဒုတိယဆုံးရှုံးမှုအများဆုံးနှင့် စစ်ကိုင်းတိုင်းတွင် တတိယအများဆုံး ဆုံးရှုံးခဲ့သည်ကို တွေ့ရှိရသည်။

မီးလောင်မှု(၃၄)ကြိမ်အနက်ကျေးရွာမီးလောင်မှု(၁၀)ကြိမ်ဖြစ်ပွားခဲ့သဖြင့် ကျေးရွာမီးလောင်မှု ဖြစ်ပွားရခြင်းအခြေအနေသည် နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သည် မီးလောင်မှုအကြိမ်စုစုပေါင်း၏ ၂၉ ဒသမ ၄၁ ရာခိုင်နှုန်း ခန့်ပါဝင်ခဲ့သည်။

### လိုက်နာမှုအားနည်း

မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကို ပြည်သူများလိုက်နာ ဆောင်ရွက်ရေးအတွက် မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်း၊ အထပ်မြင့် အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ထံ အမြဲတစေအကြံပြုတိုက်တွန်းခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှအသိပညာပေးခြင်း၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာများတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြသခြင်း၊ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုများ စစ်ဆေးခြင်းများ ဆောင်ရွက်နေကြသော်လည်း လိုက်နာမှုအားနည်းခြင်းကြောင့် မီးလောင်မှုဖြစ်ပွားနေကြောင်း၊ ကျေးရွာများတွင်လည်းမီးလောင်မှု လျော့နည်းစေရေးအတွက် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကျေးရွာအရောက်ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်မြှင့် အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ မိုးရာသီသို့ရောက်ရှိနေပြီဖြစ်သော်လည်း ပေါ့ဆမှုနှင့် လျှပ်စစ်ဝါယာမှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားလာနိုင်သည့်အတွက် မီးဘေးလုံခြုံရေး စီမံချက်အတိုင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## Computer Networking With Windows 7 သင်တန်းဖွင့်မည်

**ရန်ကုန် ဩဂုတ် ၁၀**

NetInfo နည်းပညာ သင်တန်းကျောင်းက Computer Networking သင်တန်းကို Microsoft Windows7 အသုံးပြု၍ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရှိရသည်။

Windows 7 ကို အခြေခံမှုစ၍ အဆင့်မြင့် Network များ ချိတ်ဆက်နိုင်ရန်၊ မိမိတို့အသုံးပြုနေသော ကွန်ပျူတာများကို အကျိုးရှိရှိပိုမိုအသုံးပြုနိုင်ရန်၊ System Problem များကို ကိုယ်တိုင်ဖြေရှင်းနိုင်ရန်၊ နိုင်ငံတကာအသိအမှတ်ပြု Certificate Exam များ ဝင်ရောက်ဖြေဆိုနိုင်ရန် သင်ကြားပေးမည်ဖြစ်ပြီး Windows 7 အခြေခံ Networking Certificate ဖြစ်သော MCTS စာမေးပွဲကို ဖြေဆိုနိုင်လျှင် Server 2008 MCITP Certificate ကိုရရှိရန် လိုအပ်သော စာမေးပွဲငါးခုအနက် တစ်ခုကို ဖြေဆိုပြီး ဖြစ်မည်။ နိုင်ငံတကာတွင် Networking အလုပ်အကိုင်အတွက် လိုအပ်သော Certificate များ၌ တစ်ခုအပါအဝင်ဖြစ်သည့် MCITP ကို ဆက်လက်လေ့လာနိုင်ရန် လိုအပ်သော အခြေခံကောင်းများ ရရှိမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် Windows 7 Installation, Configuration, Maintenance, Trouble Shooting များကို အသေးစိတ်သင်ကြားပေးမည်ဖြစ်ပြီး ကျောင်းသားတစ်ဦးစီသည် မိမိတို့သင်ယူနေသော Course အတိုင်း လက်တွေ့ ဦးစားပေးစနစ်ဖြင့် ကွန်ပျူတာများကို စိတ်ကြိုက်စမ်းသပ်သုံးစွဲနိုင်ရန် Dual Core System LCD များဖြင့် သင်ကြားပေးသည်။

ထိုသင်တန်းသို့ ကွန်ပျူတာအခြေခံရှိသော တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများ၊ ကွန်ပျူတာတက္ကသိုလ်ကျောင်းသားများ၊ နည်းပညာတက္ကသိုလ်ကျောင်းသားများနှင့် Networking ကို Professional အဖြစ် လုပ်ကိုင်လိုသူများ၊ Computer Service ဆိုင်များတွင် Technican အဖြစ် လုပ်ကိုင်လိုသူများ တက်ရောက်သင့်သည်။

ယင်းသင်တန်းကို ဩဂုတ် ၁၄ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ဌာနဆိုင်ရာ IT ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ မိမိတို့၏ လုပ်ငန်းခွင်အတွင်း Network စနစ်များကို နားလည်သဘောပေါက်ပြီး တက်ရောက်နိုင်ရန် ရည်ရွယ်၍ (စနေ၊ တနင်္ဂနွေ) တစ်ပတ်လျှင် နှစ်ရက်တက်ရောက်ရမည်။ တန်းခွဲတစ်ခုလျှင် သင်တန်းသားဦးရေ ၁၈ ဦးသာ လက်ခံသင်ကြားပေးမည်ဖြစ်၍ ကြိုတင်စာရင်းပေးသွင်းရန် လိုအပ်သည်။

အသေးစိတ်သိလိုပါက NetInfo နည်းပညာသင်တန်းကျောင်း အဆောင် (၄) အခန်း(၂) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၇၀၄၅နှင့် ၆၅၂၂၉၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**နေပြည်တော်ပျဉ်းမနား ပေါင်းလောင်း(၃)ရပ်ကွက် ရာဇဌာနီ လမ်းဘေးဝဲ၊ ယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီက စက်ယန္တရားများဖြင့် ရေနုတ်မြောင်းများ တူးဖော်နေမှုကို အင်ဂျင်နီယာဌာနမှူးကြီး ဦးမျိုးအောင်နှင့် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဌာနမှူး ဦးကျော်မြင့်တို့ ဩဂုတ် ၈ ရက်က ကွင်းဆင်းစစ်ဆေး ကြပ်မတ်ဆောင်ရွက်စဉ်။**

(နေပြည်တော်စည်ပင်)

**သစ်တောသစ်ပင် ဒို့ချစ်ခင်**

**အစဉ်စိုက်ပျိုး အလှတိုး**

**အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၈)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင်တစ်ဦးထံမှ အလှူငွေများကို လက်ခံစဉ်။**
(နယ်စပ်/စည်ပင်)

❖ **ရှေ့ဖုံးမှ**

ဦးသူရိန်ဇော်၊ ဒေါ်တင်အုန်းမြင့်၊ သား မောင်ခန့်သူဇော်တို့က ငွေကျပ် ငါးသိန်း၊ International Beverages Trading Co., Ltd. (IBTC) နှင့် နတ်ကန်လည် ကျေးရွာ ကျေးရွာသူ၊ ကျေးရွာသားများက ငွေကျပ် ၁၈၉ သိန်း၊ ချမ်းမြေ့ရေကြည် ရေတွင်း အလှူရှင်အသင်းက ငွေကျပ်သိန်း ၇၀၊ ဆရာတော်ဦးတိလောက က ငွေကျပ် ၅၆ ဒသမ ၃၅ သိန်းနှင့် စက်ပစ္စည်း တန်ဖိုးငွေကျပ် ၇၇ ဒသမ ၁၅ သိန်း စုစုပေါင်းငွေကျပ် ၁၃၃ ဒသမ ၅သိန်း၊ ဦးတင့်ဆန်း+ ဒေါက်တာဌေးဌေးငြိမ်း (အေစီအီးကုမ္ပဏီလီမိတက်)၊ ထူးထရေးဒင်းကုမ္ပဏီလီမိတက်နှင့် Europe & Asia Commercial Co., Ltd. တို့က ငွေကျပ် သိန်း ၅၀ စီနှင့် မက်စ်မြန်မာ ကုမ္ပဏီအုပ်စုက ငွေကျပ် ၃၅ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဦးသာဌေး၊ ဒေါ်ကြည်ခင်၊ Original Group Co.,Ltd.၊ အေဝမ်းကုမ္ပဏီနှင့် တီဇက်တီအမ် ကုမ္ပဏီတို့က ငွေကျပ်သိန်း ၃၀ စီ ၊ ဦးဝင်းနိုင်+ ဒေါ်သန်းသန်းဆွေမိသားစု၊ WEG ကုမ္ပဏီက ငွေကျပ် ၂၇ သိန်း၊ Moon Ray ကုမ္ပဏီ၊ မိုးကြယ်စင်ကုမ္ပဏီနှင့် အင်းစိန်ဈေးသူဈေးသားများနှင့် ဓမ္မမိတ်ဆွေများ ပါဝင်သော မေတ္တာနဒီ အဖွဲ့တို့က ငွေကျပ် ၂၅ သိန်းစီနှင့် ဖခင်ကြီး ဦးမျိုးမြင့်အား ရည်စူး၍ ဒေါ်တင်တင်ဝင်းနှင့် မိသားစုတို့က ငွေကျပ် ၂၃ သိန်း တို့ကို ပေးအပ် လှူဒါန်းရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေက လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

## ဂုဏ်ပြုလွှာပေးအပ်

ထို့နောက် ဒေါက်တာသောင်းစိန်+ဒေါက်တာလှလှဝေ၊ သား စိုးထက်ဝေ Melbourne, Australia က ငွေကျပ်(၂၀ ဒသမ ၅)သိန်း၊ ရွှေတောင်ကုမ္ပဏီ၊ ဦးပြည့်ဖြိုးလွင်+ဒေါ်ယဉ်ဥမ္မာမျိုး Kinetic Art Co., Ltd.၊ ဦးသိန်းအောင်၊ သိဏ်းကုမ္ပဏီ၊ ဦးစိုင်းတစ်အောင်၊ နောင်တုံကုမ္ပဏီနှင့် ပန်းတိုင် ဦးသန်းမောင်+ ဒေါ်သီသီခင်၊ ပန်းတိုင်စာပေမိသားစုတို့က ငွေကျပ်သိန်း ၂၀ စီ၊ ဦးချစ်ခိုင်+ ဒေါ်စမ်းစမ်းတင် မိသားစုက ငွေကျပ် ၁၆ သိန်းနှင့် တက်လမ်းကုမ္ပဏီက ငွေကျပ် ၁၅ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းစိန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဦးမျိုးအောင်+ဒေါ်မျိုးမျိုးမင်း၊ ယုပန်းမြိုင်မြေယာရှုခင်းကုမ္ပဏီက ငွေကျပ် ၁၅ သိန်း၊ ကွယ်လွန်သူဦးသန်းအား ရည်စူး၍ ကျန်ရစ်သူ ဇနီး ဒေါ်မြသိန်း၊ သားသမီးများ ဖြစ်သော ဦးစိုးကိုကို+ဒေါက်တာသင်းသင်းမွန်၊ ဦးတင်မောင်ဆွေ၊ မြေး မောင်ကောင်းထက်မိသားစု၊ ဒိုင်းမွန်းမာကျူရီကုမ္ပဏီနှင့် Golden Flower ကုမ္ပဏီတို့က ငွေကျပ် ၁၀ သိန်းစီ၊ ရွှေသပြေကုမ္ပဏီက ငွေကျပ် ငါးသိန်း၊ နေပြည်တော် သစ်သယ်ယူရေးအဖွဲ့က ငွေကျပ် ၁၀ သိန်း၊ ဟန်စိန်သန့်ကုမ္ပဏီ၊ ရှင်မေယ(ဦးထွန်းမွှေ)+ ဒေါ်ဖွားစိန်နှင့် ဦးကံအေး+ ဒေါ်သိန်းခတို့အား ရည်စူး၍ ဒေါက်တာစိန်တင် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ဗဟိုစာရင်းအင်းအဖွဲ့)+ ဒေါ်ညွန့်ညွန့်ရွှေ မိသားစုနှင့် ကွယ်လွန်သူဒေါ်လှကြီးအား ရည်စူး၍ ကျန်ရစ်သူ မိသားစုတို့က ငွေကျပ် ၁၀ သိန်းစီ တို့ကို ပေးအပ်လှူဒါန်းရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ် သည်။

ထို့နောက် မြန်မာ့အလှဆောက်လုပ်ရေးကုမ္ပဏီ၊ သော်တာဝင်းကုမ္ပဏီ၊ ဒေါက်တာဇော်ထွန်း Universal ဆောက်လုပ်ရေးကုမ္ပဏီ၊ ဧဒင်အုပ်စုကုမ္ပဏီ လီမိတက်၊ ဦးနော်အောင်၊ အောင်ချမ်းသာ Construction & Services Co., Ltd.၊ မန်းပြည်တံခွန်ကုမ္ပဏီ၊ ဗိုလ်မှူးကြီးအောင်မင်းသိန်း+ဒေါ်နွဲ့နွဲ့ဝင်း၊ သား မောင်ဖြိုးမင်းသုတ မိသားစုနှင့် နှစ်ဖက်သောမိဘများအမှူးထား၍ ဦးစိုးရန်နိုင်၊ ဒေါ်ကြည်ကြည်ညွန့်၊ သမီး မဆုလာဘ်ရန်နိုင် မိသားစုတို့က ငွေကျပ် ငါးသိန်းစီ တို့ကို ပေးအပ်လှူဒါန်းရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဦးစိုးဟန်+ဒေါ်မိုးမိုးသက်၊ သမီး မစုနန္ဒာဟန် မိသားစု၊ ဒေါ်ခင်စန်းရီ၊ ပါမောက္ခ၊ ဇီဝဗေဒဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (မန္တလေး)နှင့် မောင် ဒေါက်တာစိုးဝင်း (PHD)(Chemical Engineering)၊ ဒေါ်သန်းရွှေ၊ ဒေါ်တင်ရှိန် မိသားစု၊ ကွယ်လွန်သူ ကြည်း(၁၀၉၅၃) ဒုတိယဗိုလ်မှူးကြီးကျော်လွင်အား ရည်စူး၍ ဇနီး ဒေါ်နွဲ့နွဲ့အေးနှင့် သားသမီးမြေးတစ်စု၊ မိဘများအား အမှူးထား၍ ဦးဝင်းဇော်ဦး+ ဒေါ်ခင်ငြိမ်းမူ၊ သား မောင်ဟိန်းထက်၊ မိဘများအား အမှူးထား၍ ဦးတင်ဦး+ ဒေါက်တာနုနုလင်း၊ သား မင်းစိုးသူ၊ သမီး ဆုမြတ်တင်ဦးမိသားစု၊ ဒေါက်တာစိုးဝင်း +ဒေါက်တာမြင့်မြင့်ကြူ၊ သမီး သန္တာစိုးဝင်း၊ ဝေယံစိုးဝင်းမိသားစု၊ နှစ်ဖက်သော မိဘများအား အမှူးထား၍ ကိုဇော်ငြိမ်းဦး+မနိုင်နိုင်လေး မိသားစု၊ ဒေါ်စန်း စန်းဝင်း၊ သမီး မအေးအေးလှိုင်၊ သား မောင်ရန်မျိုးအောင်၊ စေတနာကုန်စုံဆိုင် မိသားစုနှင့် ဦးခင်မောင်ယဉ်+ဒေါ်ပန်းသင်၊ မောင်သီဟ+မအိဖြူစိုး၊ မောင်သန့် အောင်စိုး၊ မောင်ဉာဏ်လင်းအောင် မိသားစုတို့က ငွေကျပ် ငါးသိန်းစီတို့ကို ပေးအပ်လှူဒါန်းရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

## ပေးအပ်လှူဒါန်း

ယင်းနောက် ဦးဖိုးကျား(ဘုရင်မ)ကြက်သွန်ဖြူရောင်းဝယ်ရေး၊ ကွယ်လွန်သူ ဒေါ်တင်တင်ဦး၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဗဟိုသုတေသနလုပ်ငန်းအဖွဲ့၊ သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ ဦးချီလင်ဟိုး+ဒေါ်ငေါ်ဖိတ်ဟုန် မိသားစုအားရည်စူး၍ ဒေါ်ယဉ်မော် သားသမီးမြေးတစ်စု၊ ဒေါ်တင်လှသားသမီးမြေးတစ်စု၊ မိဘများ ဖြစ်ကြသော ဦးရှာလိုင်တီ၊ ဒေါ်ကြည်ကြည်၊ ဒေါ်စိန်လှတို့အား ရည်စူး၍ ဦးရှာကျင်းဟင်း၊ ဒေါ်ရှာကြူလွမ်း၊ ဦးမြင့်လွင်+ဒေါ်အေးမြင့် မောင်နှမ မိသားစုများ ကောင်းမှု၊ ဦးတင်ဝင်း+ဒေါ်မြတ်မြတ်မူနှင့် သမီး ထူးသန္တာဝင့်၊ မသိမ့်သိင်္ဂီဝင့် မိသားစု၊ တရားရေးဝန်ထမ်းလုပ်ငန်းဝင်သင်တန်း အပတ်စဉ်(၃) (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ်၊ ဒေါ်ထွေးကြည်၊ ကွယ်လွန်သူ ကျေးဇူးရှင်များအား ရည်စူး ၍ ဒေါ်သောင်းနွဲ့မိသားစုနှင့် အဘ ဦးအရင်၊ အမိ ဒေါ်နွမ်းတို့အတွက် ရည်စူး၍ သားသမီးမြေးတစ်စုတို့က ငွေကျပ် ငါးသိန်းစီတို့ကို ပေးအပ် လှူဒါန်းရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုးဦးက လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဒေါ်သန်းသန်းစိန်၊ ဦးမောင်ကြူနှင့် ဒေါ်သန်းသန်းဌေး၊ ဦးသန်းဇော်မြင့်+ဒေါ်ချစ်ချစ်၊ သား မောင်လင်းမင်းမြတ်မိသားစု၊ ဦးကျော်မွေး+ ဒေါ်ယင်းမာမိသားစုနှင့် ဦးသန်းထွန်း [ဒုညွှန်မှူး (ငြိမ်း) ECC]+ ဒေါ်ဝင်းကြည် (ဆေး-၁၊ ငြိမ်း)မိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ ခရမ်းပြာမြေယာရှုခင်းကုမ္ပဏီ၊ ပန်းသခင် မြေယာရှုခင်းအဖွဲ့၊ ဇမ္ဗူထွန်း မြေယာရှုခင်းကုမ္ပဏီနှင့် ထိုက်သူပန် မြေယာရှုခင်းအဖွဲ့တို့က ငွေကျပ် သုံးသိန်းစီတို့ကို ပေးအပ်လှူဒါန်းရာ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်း လွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ ကျင်းပသည့် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၈)ကြိမ်မြောက် အလှူငွေ ပေးအပ်ပွဲတွင် အလှူရှင် ၁၁၁ ဦးတို့က အလှူငွေ စုစုပေါင်း ငွေကျပ် (၂၄၃၄ ဒသမ ၃၀)သိန်းတို့ကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် အလှူရှင်များကိုယ်စား ချမ်းမြေ့ရေကြည်ရေတွင်း အလှူရှင် အသင်းမှ ဒေါ်မီမီသွင်က ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား ဝန်ကြီး ဦးသိန်းညွန့်က အမှာစကားပြောကြားရာ၌ စည်ပင်သာယာရေး ဦးစီးဌာနက ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၀)နှစ်စီမံကိန်းကို ၂၀၀၀-၂၀၀၁ခု ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော် ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရန်ပုံငွေအပြင် စေတနာရှင်ပြည်သူများမှ လှူဒါန်းငွေ၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာလူမှုရေး အသင်းအဖွဲ့များမှ ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိကြောင်း၊ အပူပိုင်းဒေသတွင် ရေရရှိရေးဆောင်ရွက်နေသကဲ့သို့ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု အကျိုးဆက်အရ အခြား ရေခက်ခဲသော ပြည်နယ်/တိုင်းများနှင့် မြစ်ဝကျွန်းပေါ် ဒေသ၊ ကမ်းရိုးတန်းရေငန်ဒေသများပါမကျန် သန့်ရှင်းသောသောက်သုံးရေ ရရှိရေး အတွက် စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်ပေးလျက်ရှိကြောင်း။

## ပထမဦးစားပေး

ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ပထမ ဦးစားပေးအဖြစ် ကျေးရွာများအနေဖြင့် ကျေးရွာတစ်ရွာလျှင် စက်ရေတွင်း တစ်တွင်းစီ ဆောင်ရွက်ပေးနိုင်ပြီးဖြစ်ကြောင်း၊ ရေဖူလုံရေးအတွက် ကျေးရွာ၏ အိမ်ခြေ လူဦးရေပေါ်မူတည်ပြီး စက်ရေတွင်းများ ကျေးရွာတစ်ရွာလျှင် တစ်တွင်းမှ နှစ်တွင်း၊ သုံးတွင်းအထိ ဆက်လက်တူးဖော်ပေးရန်ကိုလည်း လိုအပ်ကြောင်း မှာကြားလိုကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုကို နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။



**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၈)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူရှင်တစ်ဦးထံမှ အလှူငွေများကို လက်ခံစဉ်။**
(နယ်စပ်/စည်ပင်)

အခမ်းအနားအပြီးတွင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်များသည် ခင်းကျင်းပြသထားသည့် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး ဓာတ်ပုံမှတ်တမ်းများကို ကြည့်ရှုအားပေးကြသည်။

## (၁၀) နှစ်စီမံကိန်း

၁၉၉၉ ခုနှစ် ဧပြီလတွင် နိုင်ငံတော်အကြီးအကဲက ရေခက်ခဲသော အပူပိုင်း ဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိရေးကို (၁၀)နှစ် စီမံကိန်းဖြင့် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားချက်အရ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့၌ ရေခက်ခဲသောကျေးရွာ၊ ရေမလုံလောက်သော ကျေးရွာ၊ သန့်ရှင်းသောသောက်သုံးရေမရရှိသော ကျေးရွာပေါင်း ၈၀၄၂ ရွာနှင့် အခြားပြည်နယ်/တိုင်း ၁၄ ခု တို့တွင် ၁၅၁၈၃ ရွာ၊ တစ်နိုင်ငံလုံးအနေဖြင့် ကျေးရွာစုစုပေါင်း ၂၃၂၂၅ ရွာတို့ကို သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်သည်ဟု စာရင်းကောက်ယူရရှိခဲ့ကြောင်း။

ယခုအချိန်တွင် အပူပိုင်းဒေသတိုင်းသုံးတိုင်းမှ ကျေးရွာ ၈၀၄၂ ရွာ၊ ၁၀၀ ရာခိုင်နှုန်းအား လည်းကောင်း၊ အခြားပြည်နယ်နှင့်တိုင်းများမှ ကျေးရွာ ၁၅၁၈၃ ရွာ၊ ၁၀၀ ရာခိုင်နှုန်းအား လည်းကောင်း သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ ပြည်နယ်နှင့် တိုင်းအားလုံးရှိ ကျေးရွာပေါင်း ၂၃၂၂၅ ရွာ၊ ၁၀၀ ရာခိုင်နှုန်းအား သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေး နိုင်ခဲ့ပြီး ဖြစ်ကြောင်း။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက် စေရန် ကျေးလက်ရေပေးရေး လုပ်ငန်းများအတွက် အဖွဲ့ရန်ပုံငွေမှ ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်း ငွေကျပ် ၁၀၄၈၅ ဒသမ ၂၀ သန်း သုံးစွဲခဲ့ပြီး ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၂၅၃၂ ဒသမ ၀၈ သန်း လျာထားသုံးစွဲလျက်ရှိကြောင်း၊ ကျေးလက်ရေရရှိရေး လုပ်ငန်း များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အပူပိုင်းဒေသ တိုင်းသုံးတိုင်း ဖြစ်သည့် စစ်ကိုင်းတိုင်းတွင် ၃၄ မြို့နယ်၊ မကွေးတိုင်းတွင် ၂၅ မြို့နယ်၊ မန္တလေးတိုင်းတွင် ၂၃ မြို့နယ် စုစုပေါင်းမြို့နယ် ၈၂ မြို့နယ်တွင် မြို့နယ်လုံးကျွတ် ကျေးရွာများအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက် နိုင်သကဲ့သို့ ခရိုင် ၁၉ ခရိုင်ကို ခရိုင်လုံးကျွတ် ကျေးရွာ တစ်ရွာလျှင် စက်ရေတွင်း တစ်တွင်းနှုန်းဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင် ခဲ့ပြီဖြစ်ကြောင်း၊ သန့်ရှင်းသော သောက်သုံးရေဖူလုံစေရန် ကျေးရွာတစ်ရွာလျှင် စက်ရေတွင်းတစ်တွင်းမှ နှစ်တွင်း၊ နှစ်တွင်းမှသည် သုံးတွင်းရရှိအောင် ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံး ဖွင့်လှစ်ထားမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၀**

ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲဝင်များသည် ဩဂုတ် ၉ ရက်တွင် လွိုင်ကော်မြို့နယ် ရွှေတောင်ရပ်ကွက်နှင့် ဒေါနိုးကူးရပ်ကွက်တို့သို့ သွားရောက်၍ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံး ဖွင့်လှစ်ထားမှုနှင့် မဲစာရင်းများ ပြုစုထားမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး မဲရုံဆောက်လုပ်မည့် နေရာများကို ကြည့်ရှုစစ်ဆေးကြကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

**ဖျာပုံမြို့ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်သို့ ပန်းဘဲတန်းမြို့နယ်(၃၂) လမ်းအထက် အမှတ်(၂၃၃/၂၃၅)ရှိ ရွှေလက်ဆောင်စာပေဖြန့်ချိရေးမှ ဦးအောင်မြင့်နှင့် ညီမ ဒေါ်သိန်းသိန်းတို့က ငွေကျပ်တန်ဖိုး ၇၃၉၄၅၀ ရှိ စာအုပ်များ နှင့် အလူမီနီယံစာအုပ်ဗီရိုတစ်လုံးတို့ကို ဩဂုတ် ၈ ရက်က လှူဒါန်း ရာ စာကြည့်တိုက်ကော်မတီကိုယ်စား ဦးကျော်(ပညာမော်ကွန်း)က လက်ခံ ယူစဉ်။** (၁၆၈)

# သာသနာရေးဝန်ကြီးဌာနက နေပြည်တော် ပြည်သူ့ဆေးရုံ ခုတင်(၁၀၀၀)သို့ သီးပင်၊ စားပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးလှူဒါန်းပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၀

**သာသနာရေးဝန်ကြီးဌာနက နေပြည်တော် ပြည်သူ့ဆေးရုံ ခုတင်(၁၀၀၀)တွင် သီးပင်၊ စားပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးလှူဒါန်းပွဲကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါ ဆေးရုံဝင်း၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်က ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ သီးပင်၊ စားပင်နှင့် ပန်းအလှပင်များကို ပေးအပ်လှူဒါန်းသည်။**

ထို့နောက် ဝန်ကြီး သူရဦးမြင့်မောင်က စိန်တလုံးသရက်ပင်ကိုလည်းကောင်း၊ ဝန်ကြီး ဒေါက်တာကျော်မြင့်က ဩဇာပင်ကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုးတို့က ပိန္နဲပင်နှင့် မန်ကျည်းချိုပင်တို့ကိုလည်းကောင်း သတ်မှတ်နေရာ အသီးသီး၌ စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများသည် သာသနာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ နေပြည်တော် ပြည်သူ့ဆေးရုံ ခုတင်(၁၀၀၀) ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများ၏ သီးပင်၊စားပင်နှင့် ပန်းအလှပင်များအား သတ်မှတ်နေရာများ၌ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ စိုက်ပျိုးသော သီးပင်၊ စားပင်နှင့် ပန်းအလှပင်များမှာ စိန်တလုံးသရက်ပင်၊ မန်ကျည်းချိုပင်၊ သုံးရာသီသရက်ပင်၊ ပိန္နဲပင်၊ သံပရာပင်၊ ရှောက်ပင်၊ ဩဇာပင်၊ ဒန့်သလွန်ပင်နှင့် ပန်းအလှပင်များ စုစုပေါင်း ၅၁၅ ပင်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## စိုက်ပျိုးပေး

**သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင် နေပြည်တော် ပြည်သူ့ဆေးရုံ ခုတင်(၁၀၀၀)၌ စိန်တလုံး သရက်ပင်ကို စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)

◆ **ကျောဖုံးမှ**

ညီညွတ်သော မြေအောက်ရေကြောကို ရှာဖွေတွေ့ရှိခဲ့သည်။

အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)သည် သဲဖြူရေပေးဝေရေးစီမံကိန်းကို ၂၀၀၉ ခုနှစ် ဇွန် ၉ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ ၂၀၀၉ အောက်တိုဘာ ၃၁ ရက်မှစ၍ လှိုင်သာယာမြို့နယ်သို့ တစ်နေ့လျှင် ရေဂါလန်တစ်သန်း ဖြန့်ဝေနိုင်ခဲ့သည်။

သဲဖြူရေပေးဝေရေးစီမံကိန်း ရေဖွင့်ပွဲနေ့၌ပင် အခြားရေပေးဝေရေးစခန်းများဖြစ်သည့် လှိုင်သာယာမြို့နယ် ရေအုတ်ကန်ကျေးရွာ ရေပေးဝေရေးစခန်းမှ သောက်သုံးရေ တစ်နေ့လျှင် ရေဂါလန်ငါးသောင်း၊ ၁၅-ရပ်ကွက် ရေပေးဝေရေးစခန်းမှ တစ်နေ့လျှင် ရေဂါလန်တစ်သိန်းခွဲ၊ ၁၉-ရပ်ကွက် ရေပေးဝေရေးစခန်းမှ တစ်နေ့လျှင် ရေဂါလန်တစ်သိန်းစသဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေများကို စတင်ဖြန့်ဝေနိုင်ခဲ့သည်။

ဆက်လက်တင်ပြရလျှင် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)သည် ရန်ကုန်မြို့တွင်း ဆင်ခြေဖုံးမြို့နယ်များ၊ မြို့သစ်များ၌ လိုအပ်ချက်ရှိသည့်နေရာများတွင် စက်ရေတွင်းများ တူးဖော်ပေးခြင်း၊ သောက်သုံးရေကန်ရှိသည့် နေရာများ၌ ရေကန်များခဲ့ထွင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

ရန်ကုန်တစ်ဖက်ကမ်း ဒလမြို့နယ်တွင်လည်း သောက်သုံးရေကန်များ တိုးချဲ့ပေးခြင်း၊ အနက်တူးဖော်လျှင် လက်ခံနိုင်သည့် ရေမြေအနေအထား လိုက်လျောညီထွေလျှင် ထပ်မံ ပြုပြင်ဆောင်ရွက်ပေးသည့်အပြင် ဒလမြို့နယ်ရပ်ကွက်တိုင်း၌ စက်ရေတွင်းတစ်တွင်းစီကို လွန်ခဲ့သည့်လက တူးဖော်ပေးပြီးဖြစ်သည်။ ဆိပ်ကြီးခနောင်တိုမြို့နယ်တွင်လည်း သောက်သုံးရေကန်များကို ထပ်မံပြုပြင်တူးဖော်ပေးခဲ့သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)သည် ရန်ကုန်မြို့ ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်)ကို အချိန်ပြည့်အကောင်အထည်ဖော်လျက်ရှိရာ အကြို အနယ်ထိုင်ကန်၊ အနိမ့်တင်ရေတင်စက်ရုံ၊ အနယ်စုဖွဲ့ကန်၊ အနယ်ထိုင်ကန်၊ အမြန်သဲရေစစ်ကန်၊ ရေစုကန်များစသည့် တည်ဆောက်ရမှုအပိုင်းများတွင် ၅၂ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ရန်ကုန်မြို့ ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) ဒုတိယအဆင့်တွင် သွယ်တန်းရမည့် ပိုက်များသည် တစ်လုံးလျှင် အရှည်ပေ ၄၀ ဖြစ်သော်လည်း အချင်းအကျယ် အဝန်းမှာ ဆိုဒ်စုံဖြစ်သည်။ ပိုက်အမျိုးအစားမှာ ဖိုက်ဘာဂလပ် Fiberglass Reinforced Pipe ပိုက်များ ဖြစ်သည်။ ပိုက်များ၏ ခံနိုင်မှုအားသည် ရေဖိအားယူနစ် ၁၆ ဘားထိ ဖြစ်သည်။ ပိုက်များကို လှိုင်သာယာ စက်မှုဇုန်မှ ထုတ်လုပ်သည်။

ရန်ကုန်မြို့ ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ဒုတိယအဆင့်တွင် ပိုက်များသွယ်တန်းသွားရမည့် အနေအထားကို တင်ပြရလျှင် အထယုရေပေးဝေရေးစခန်းမှ ခရေပင်လမ်းဆုံအထိ ၁၁ ဒသမ ၇၅ မိုင်ကို အချင်း ၄၈လက်မ၊ အရှည်ပေ ၄၀ရှိပိုက်များနှင့် သွယ်တန်းမည်။ ခရေပင်လမ်းဆုံမှ မြောက်ဥက္ကလာပ(အဝိုင်း)မီးပွိုင့်အထိ ၃ ဒသမ ၇ မိုင်ကို အချင်း ၄၀လက်မ၊ အရှည်ပေ ၄၀ရှိ ပိုက်များနှင့် သွယ်တန်းသွားမည်။ မြောက်ဥက္ကလာ (အဝိုင်း)မီးပွိုင့်မှ ပါရမီလမ်း တောင်ဥက္ကလာဂေါက်ကွင်းထိပ်ထိ ၃ ဒသမ ၁၄ မိုင်ကို အချင်း ၃၂ လက်မ၊ အရှည် ပေ၄၀ရှိ ပိုက်များနှင့် သွယ်တန်းသွားမည်။

ပါရမီလမ်းမှ လေးထောင့်ကန်လမ်းအထိ ၁ ဒသမ ၄ မိုင်ကို အချင်း ၂၈ လက်မ၊ အရှည် ၄၀ ပေရှိ ပိုက်များနှင့် သွယ်တန်းသွားမည်။ လေးထောင့်ကန်လမ်းမှ သံသုမာလမ်းအထိ သုည ဒသမ ၉၂ မိုင်ကို အချင်း ၂၄ လက်မ၊ အရှည် ၄၀ပေရှိ ပိုက်များနှင့် သွယ်တန်းသွားမည်။ သံသုမာလမ်းမှ ဝေဇယန္တာလမ်းဆုံ (ကြက်ဘဲဈေးအထိ)၁ မိုင်ကိုအချင်း ၂၄ လက်မ၊ အရှည် ၄၀ပေရှိ ပိုက်များနှင့် သွယ်တန်းသွားမည်ဖြစ်သည်။

ထိုနည်းတူစွာ ခရေပင်လမ်းမှ ဂျိုးဖြူပိုက်လိုင်းအထိ ၁ ဒသမ ၂၅ မိုင်ကို အချင်း ၃၂လက်မ၊ အရှည်ပေ၄၀ရှိ ပိုက်များနှင့် သွယ်တန်းသွားမည်ဖြစ်သကဲ့သို့ ဂန္ဓမာလမ်း ဝေဇယန္တာလမ်းဆုံမှ ကမ္ဘာအေးရေကူး ရေတွင်းစက်ရုံအထိ သုည ဒသမ ၃မိုင်ကို အချင်း ၂၄ လက်မ၊ အရှည်ပေ ၄၀ရှိ ပိုက်များနှင့် သွယ်တန်းသွားမည်ဖြစ်သည်။ ပိုက်များ၏ အရှည်စုစုပေါင်းသည် ၂၄ ဒသမ ၄၆ မိုင်ရှိသည်။

ရန်ကုန်မြို့ ရေပေးဝေရေး စီမံကိန်း(ငမိုးရိပ်) ဒုတိယအဆင့်ကို ရန်ကုန်မြို့တော်ဝန် ကြီးကြပ်၍ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဌာနမှူးနှင့် အင်ဂျင်နီယာများက အချိန်ပြည့် ဆောင်ရွက်လျက်ရှိရာ မကြာမီကာလတွင် ရန်ကုန်မြို့နှင့် ဆင်ခြေဖုံးမြို့နယ်များ၊ မြို့သစ်များသို့ ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေများ တစ်နေ့လျှင် ရေဂါလန် ၄၅ သန်း ပိုမိုဖြန့်ဝေနိုင်တော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

**ရန်ကုန်မြို့ ရေပေးဝေရေး စီမံကိန်း (ငမိုးရိပ်)တွင် အသုံးပြုရန် ပိုက်များချစဉ်။** (၁၉)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၁-၈-၂၀၁၀ (ဗုဒ္ဓဟူးနေ့)**

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ “အနေတတ်အသေမြတ်” တရားတော် (ပထမပိုင်း) (မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၇၄)**
- ၈:၄၀ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ (အပိုင်း-၁၀) (ဇော်ဝင်းထွဋ်)
- ၉:၂၀ Activities In The City
  - ယောနယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲ
  - အမှတ်(၁)စက်မှုဝန်ကြီးဌာန ပစ္စည်းအမယ်သစ်များမိတ်ဆက်ပွဲ
- ၉:၅၀ အားကစားမြင်ကွင်းစုံ
- ၁၀:၄၀ မြန်မာစာ၊ မြန်မာစကား
- ၁၀:၅၀ Industrial Talk
- ၁၁:၂၅ ဓာတ်ပုံထဲမှ အမှတ်တရများ (တစ်ခိုင်လုံးရွှေအေးအေးမြင့်)
- ၁၂:၀၀ စာပွဲသဘင်ဖန်သားပြင် [စာရေးဆရာချစ်နိုင်(စိတ်ပညာ)]
- ၁၂:၄၀ နူးညံ့လှပတေဇဂုဏ်ယိမ်းအက
- ၁၂:၄၅ မြသိတင်နှင့် တပြင်မခြား ရွှေယွန်းနားဝယ်
- ၁:၀၀ “အနေတတ်အသေမြတ်” တရားတော် (ပထမပိုင်း) (မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (သားလေးမွေးတာကောင်းတယ်၊ သမီးလေးမွေးတာကောင်းတယ်)
- ၃:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၇၄)**
- ၄:၂၀ တေးဂီတအစီအစဉ်
- ၄:၃၀ ဥယျာဉ်မှူးတို့အစွမ်းဖြင့် ပွင့်လန်းလာမည့်ပန်းကလေးများ
- ၄:၅၀ ကမ္ဘာနှင့်ယှဉ်ရင်ပေါင်တန်း မြန်မာ့သားရေထည်ရဲ့အစွမ်း
- ၅:၀၀ ရန်ကုန်မြင်ကွင်းကျယ် (Swatch Counter Opening)
- ၅:၂၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်း)
- ၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Hip Hop Acoustics Live Show (Part-1)
- ၇:၁၀ ဓာတ်ပုံထဲမှ အမှတ်တရများ (တစ်ခိုင်လုံးရွှေအေးအေးမြင့်)
- ၇:၄၀ ရန်ကုန်မြင်ကွင်းကျယ် (Swatch Counter Opening)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (သားလေးမွေးတာကောင်းတယ်၊ သမီးလေးမွေးတာကောင်းတယ်)
- ၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ပြောင်းလဲမရတဲ့အချစ်” (အပိုင်း-၇၄)**
- ၁၀:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၂၅ Sports World
- ၁၀:၅၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ခင်မောင်သွင်)
- ၁၁:၂၅ Industrial Talk
- ၁၁:၅၅ စာပွဲသဘင်ဖန်သားပြင် [စာရေးဆရာချစ်နိုင်(စိတ်ပညာ)]
- ၁၂:၃၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**တန့်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဈေးသူဈေးသားများအား မီးသတ်ဆေးဘူး ကိုင်တွယ်အသုံးပြုပုံကို မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြရှင်းလင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဌေးကိုနှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ကွင်းဆင်းဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## သွေးလွန်တုပ်ကွေး မဖြစ်ရေး ခြင်အန္တရာယ်ကာကွယ်ပေး

**ရန်ကုန် ဩဂုတ် ၁၀**

နေ့ ညမရွေး ခြင်ကိုက်ခံရမှုကြောင့် ဖြစ်ပွားရသော သွေးလွန်တုပ်ကွေး ရောဂါဘေးဆိုးကြီးမှ ကင်းဝေးစေရန် အသက်သာဆုံးဈေးနှုန်းနှင့် အထိရောက်ဆုံး စွမ်းဆောင်မှုရှိသည့် ခြင်နိုင်မင်း ခြင်ပြေးလိမ်းဆေးကို လက်လှမ်းတမီ ရရှိအသုံးပြုနိုင်အောင် စီစဉ်ထားကြောင်း သိရသည်။

ခြင်ကိုက်ခံရမှုကြောင့် ဆိုးရွားသည့် သွေးလွန်တုပ်ကွေးရောဂါ မခံစားရအောင် ဖုံး၊သွန်၊လဲ၊စစ် နည်းလမ်းဖြင့်လည်းကောင်း၊ အဘိတ်ဆေးခတ်၍လည်းကောင်း၊ အခိုးအငွေ့များဖြင့်လည်းကောင်း၊ ခြင်ရိုက်တံဖြင့်လည်းကောင်း ကာကွယ်မှုပြုလျက်ရှိကြသည်။

ခြင်နိုင်မင်း ခြင်ပြေးလိမ်းဆေးသည် သဘာဝ စပါးလင်ဆီမွှေးကို အခြေခံ၍ ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားသော စနိုးဖြစ်သည်။ မွှေးကင်းစအရွယ်မှ အိုမင်းသည့်အရွယ်ထိ ခန္ဓာကိုယ် အကာအကွယ်မဲ့သော နေရာတိုင်းတွင် လိမ်းထားရုံဖြင့် ခြင်နှင့်ပိုးမွှားများ ကိုက်ခြင်းမှ လုံးဝကာကွယ်ပေးသည်။

အသားအရေကို ထိခိုက်စေသော ဓာတုဆေးဝါးများ မပါဝင်၍ အန္တရာယ်ကင်းစွာ လိမ်းနိုင်ရုံသာမက အသားအရေကိုချောမွေ့စေသည်။ စွန်းထင်းခြင်း မရှိသည့်အတွက် ဝတ်ဆင်ထားသည့် အဝတ်အစား၌ပါ သုတ်လိမ်းထားခြင်းဖြင့် ခြင်အန္တရာယ်မှ ကာကွယ်နိုင်သည်။ အခိုးအငွေ့နည်းဖြင့် ကာကွယ်ခြင်းသည် လူသွားလေရာနောက် ယူဆောင်မသွားနိုင်ခြင်း၊ မီးဘေးအန္တရာယ်ရှိခြင်း၊ ခြင်ရိုက်တံဖြင့် မရပ်မနား ရိုက်နေရခြင်း စသည့် ဆောင်ရွက်ဖွယ်ရာများရှိသော်လည်း ခြင်နိုင်မင်းသည် စနိုးဖြစ်၍ လိမ်းထားရုံဖြင့် ခြင်အန္တရာယ်မှ ကာကွယ်ပေးနိုင်သည်။ စာပေသင်ကြားခြင်းနှင့် လုပ်ငန်းဆောင်တာများ အာရုံစူးစိုက် ဆောင်ရွက်နိုင်သည်။

ခြင်နိုင်မင်း ခြင်ပြေးလိမ်းဆေး (ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0112 Y 009469) သည် အသုံးပြုရန်နှင့် သယ်ယူသိမ်းဆည်းရန် လွယ်ကူပြီး တရားစခန်း တရားထိုင်သူများ၊ ကလေးငယ်များရှိသည့် ပရဟိတ ဂေဟာများ၊ နေ့ကလေးထိန်းဌာနများ၊ စာသင်ကျောင်းများ၊ ဘိုးဘွားရိပ်သာများ စသည်တို့သို့ လှူဒါန်းလိုသူများနှင့် ကိုယ်စားလှယ်အဖြစ် တစ်ဆင့်ဖြန့်ဖြူးလိုသူများ၊ ဝယ်ယူအသုံးပြုလိုသူများသည် နဂါးနှစ်ကောင် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး အမှတ်(၇၇၆) ဗိုလ်ချုပ်အောင်ဆန်းလမ်း ဝါးတန်းလမ်းအနီး လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၃၉၆၀၊ ၂၂၅၇၆၁ နှင့် နေပြည်တော်တပ်ကုန်း ဖုန်း-၀၆၇-၇၀၂၆၆တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)



**ခြင်ကိုက်ခံရမှုကြောင့် ဖြစ်ပွားရသည့် သွေးလွန်တုပ်ကွေးရောဂါ ကင်းဝေးစေရန် သဘာဝစပါးလင်ဆီမွှေးကို အခြေခံ၍ ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားသော ခြင်နိုင်မင်း ခြင်ပြေးလိမ်းဆေးဘူးများကို တွေ့ရစဉ်။** (သတင်းစဉ်)

# စစ်ကိုင်းတိုင်းအတွင်း ချည်မျှင်နှင့် အထည်စက်ရုံများ၊ ဝါကြိတ်စက်ရုံများ ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၀

**အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဩဂုတ် ၇ရက် မွန်းလွဲပိုင်းတွင် မြန်မာ့အထည်အလိပ်လုပ်ငန်းမြင်းမူဝါကြိတ်စက်ရုံသို့ရောက်ရှိပြီး ဝါကြိတ်စက်နှင့် ဘေထုပ်စက်များ၏ ကုန်ထုတ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့သည်။**

ထို့မှတစ်ဆင့် မြန်မာ့အထည်အလိပ်လုပ်ငန်း စစ်ကိုင်းချည်မျှင်နှင့်အထည်စက်ရုံသို့ ရောက်ရှိပြီး စောင်စက်အလုပ်ရုံ၌ စောင်များရက်လုပ်မှုနှင့် စက်ရုံမှ ရက်လုပ်သည့် စောင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပင်မစက်ရုံ၌ စက်ရုံမှူးက စက်များ အသစ်လဲလှယ်တပ်ဆင်၍ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးသည် ဝါဖန်ဌာန၊ ချည်မျှင်ဌာန၊ ရက်ကန်းဌာန၊ ကုန်ချောစစ်ဆေးရေးဌာနတို့၏ လုပ်ငန်းများနှင့် စက်ရုံမှ ထုတ်လုပ်ထားသော ပိတ်အမျိုးမျိုးတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် စစ်ကိုင်း ဝါမျိုးသန့်ခြံသို့ ရောက်ရှိပြီး မိုးကြို့ငွေချည်(၆)ဝါ ၁၄၂၈ဧက ဖြစ်ထွန်းအောင်မြင် သီးပွင့်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စက်မှုကုန်ကြမ်းသီးနှံ ဝါမျိုးကောင်းမျိုးသန့်များ အထွက်နှုန်း တိုးတက်ထွက်ရှိအောင် ကြိုးစားဆောင်ရွက်ကြရန်မှာကြားသည်။

ယင်းနောက် အသင့်စားခေါက်ဆွဲစက်ရုံ (စစ်ကိုင်း)၊ စစ်ကိုင်းအထည်ချုပ်လုပ်ငန်းစက်ရုံနှင့် စစ်ကိုင်း ဝါကြိတ်စက်ရုံ၊ ဝါသိုလှောင်ရုံများတွင် ငွေချည်(၆)ဝါများ စနစ်တကျ သိုလှောင်ထားရှိမှုနှင့် ဝါကြိတ်ခွဲမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အလေအလွင့်နည်းပါးရေး စနစ်တကျ စီမံဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း စစ်ကိုင်း ချည်မျှင်နှင့် အထည်စက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။**

(စက်မှု-၁)

# တနင်္သာရီတိုင်း ကော်မရှင်အဖွဲ့ဝင်များနှင့် ကော့သောင်းခရိုင်/မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ကော့သောင်း ဩဂုတ် ၁၀**

တနင်္သာရီတိုင်း ကော်မရှင်အဖွဲ့ဝင်များနှင့် ကော့သောင်းခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ဝင်များတွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၆ ရက်က ဟံသာဝတီခန်းမ၌ ကျင်းပရာ တိုင်းကော်မရှင်အဖွဲ့ဝင် တိုင်းလူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းဝေက အမှာစကားပြောကြားပြီး **(ယာပုံ)** တိုင်းကော်မရှင်အဖွဲ့ဝင် ဦးတင်မြင့်နှင့် တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်ထွန်းက ကော်မရှင်အဖွဲ့ဝင်များအား ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဆွေးနွေးပြောကြားခဲ့သည်။

(ခရိုင်ပြန်/ဆက်)

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

## ၁၁-၈-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၀ ၂။ အင်္ဂါဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ အဆိုပြိုင်ပွဲ
- ၇း၅၀ ၆။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၁၀ ၈။ “ကွန်ရက်သဖွယ်ယှက်နွယ်ထား သီရိမင်္ဂလာခုံးကျော်တံတား”
- ၈း၂၀ ၉။ တေးသရုပ်ဖော်အစီအစဉ်
- ၈း၃၀ ၁၀။ တေးဂီတအစီအစဉ်
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ “စပါးကရွှေ ငါးကငွေ”
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၁၅ ၃။ အတီးပြိုင်ပွဲ
- ၄း၂၅ ၄။ တေးဂီအစီအစဉ်
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာ အထူးပြု) (ဥပဒေပညာ)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၅ ၇။ သီချင်းကြီးပဒေသာ
- ၅း၁၅ ၈။ “နောက်မကျရအောင်”
- ၅း၂၅ ၉။ တေးဂီတအစီအစဉ်
- ၅း၃၅ ၁၀။ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၅း၅၀ ၁၁။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၄။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆း၄၅ ၁၅။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇း၁၅ ၁၆။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
- ၇း၄၅ ၁၇။ ပြန်ကြားရေးဝန်ကြီးဌာန (နိုင်ငံတော်ဆိုင်းဝိုင်းကြီးနှင့် နိုင်ငံတော်သံစုံတီးဝိုင်းတွဲဖက်ဖျော်ဖြေတင်ဆက်မှု)
- ၈း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ တို့လက်တွေတွဲထား [Mဆိုင်း၊ တေးရေး-စိုးသီဟ (ရောင်စဉ်လှိုင်း)]
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်တေးသံသာ” (အပိုင်း-၆၇)**
- ၂၃။ ၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ “ဥဂ္ဂသေနဇာတ်တော်ကြီးပြိုင်ပွဲ” (ဒုတိယဆု) (မန္တလေးတိုင်း) (ပထမပိုင်း)
- ၂၄။ အစီအစဉ်ပြီး၏။

# ရေတော် မိုးတော် မိုးစပါးထွန်တုံးပိတ်

**ဝါးခယ်မ ဩဂုတ် ၁၀**

၂၀၁၀-၂၀၁၁ ခုနှစ် ရေတော်မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲကို ဩဂုတ် ၃ ရက်က ဝါးခယ်မမြို့နယ် အူကျွန်းကျေးရွာ၌ ကျင်းပရာ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးကျော်သိန်းထွန်းတို့က အမှာစကားပြောကြားကြပြီး အူကျွန်းကျေးရွာ ကွင်းအမှတ်(၁၀၁၅)၊ ဦးပိုင်(၃၆/၂)၊ ဧရိယာ ၁ ဒသမ ၅ ဧကရှိ လယ်မြေတွင် ဆင်းသုခမျိုးစပါးအား အူကျွန်းကျေးရွာ ကောက်စိုက်လုံမေများက ရေတော်မိုးတော် ထွန်တုံးပိတ်၍ တပျော်တပါး စိုက်ပျိုးပေးကြသည်။

**(အပေါ်ဝဲပုံ)** (၁၈၂)

# Garmin GPS များ၌ ကွန်တိုမြေပုံထည့်သွင်းခြင်း မိတ်ဆက်ရှင်းလင်းပွဲကျင်းပ




**နေပြည်တော် ဩဂုတ် ၁၀**

Concordia Int'l Co., Ltd. က တင်သွင်းဖြန့်ချိသော Garmin GPS များနှင့် Computer များ၌ မြန်မာတစ်နိုင်ငံလုံး၏ အသေးစိတ်ကွန်တိုမြေပုံ ထည့်သွင်းခြင်းမိတ်ဆက်ပွဲကို ဩဂုတ် ၆ရက်တွင်ရန်ကုန်မြို့ရှိ Concordia Int'l Co., Ltd. ၌ ကျင်းပသည်။

ယနေ့ နည်းပညာ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြေတိုင်းတာရေးလုပ်ငန်းများ၊ သတ္တုရှာဖွေရေးလုပ်ငန်းများ၊ လမ်းအူကြောင်း ရှာဖွေရေးလုပ်ငန်းများ၊ ဆည်မြောင်းတာတမံ ဆောက်လုပ်ရေးလုပ်ငန်းများတွင် မရှိမဖြစ် အသုံးပြုလာရသော နိုင်ငံတကာသုံး Garmin GPS များနှင့် ကွန်ပျူတာများ၌ မြန်မာတစ်နိုင်ငံလုံး၏ အသေးစိတ် ကွန်တိုမြေပုံများကို ထည့်သွင်းထားခြင်းအားဖြင့် မိမိရောက်ရှိနေသောနေရာ (သို့မဟုတ်) မိမိသွားရောက်လိုသည့် အရပ်ဒေသများ၏ မြေမျက်နှာပြင် အနိမ့်အမြင့်ကို မီတာဖြင့် အသေးစိတ်သိရှိနိုင်မည်ဖြစ်ကြောင်းနှင့် မြန်မာတစ်နိုင်ငံလုံး၏ အသေးစိတ်ကွန်တိုမြေပုံများနှင့် မြို့ကြီး (၂၅)မြို့မြေပုံများကို Garmin GPSများနှင့် Computer များတွင် ထည့်သွင်းပေးလျက်ရှိကြောင်း သိရသည်။

ဆက်သွယ်မေးမြန်းလိုပါက Concordia Co., Ltd. ရန်ကုန်မြို့ (၃)လွှာနှင့် (၅)လွှာ ရွှေဂုံပလာဇာ ဗဟန်းမြို့နယ် ဖုန်း-၀၁-၅၅၈၃၇၄၊ ၅၄၉၄၄၄၊ ၇၃၀၀၉၂၂၃၊ ၉၅၁၅၄၄၈၂၄၊ ၅၅၈၁၇၀ နှင့် ၅၄၀၀၂၆၊ Fax -၅၄၄၁၉၉၊ မန္တလေးမြို့ အမှတ်(၅)မြေညီထပ် SY အဆောက်အအုံ လမ်း (၃၀) ၇၇ လမ်းနှင့် ၇၈ လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၉-၅၀၆၇၁၇၂၊ ၀၂-၉၁၀၀၁၉၈၃၊ ၀၂-၃၆၄၇၈ နှင့် ၀၂-၉၆၃၀၃၊ နေပြည်တော် အမှတ် (၁၄၄) သီရိရတနာအဆင့်မြင့်ဈေး ဖုန်း-၀၉-၄၉၂၀၀၉၄၈၊ ၀၆၇-၄၂၀၈၁၉ နှင့် ၄၂၁၃၆၂ တို့တွင် ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မာန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ် ဆောင်ရွက်ထားရှိမှုကို ဇူလိုင် ၉ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမျိုးကြည်ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဦးစောထွန်း ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

**ရန်ကုန် ဩဂုတ် ၁၀**

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၃၁)တွင် “Political Times” အထူးအချပ်ပိုအပါအဝင် “အိမ်ဖော်ပြဿနာ မြို့ပြဝေဒနာ” မျက်နှာဖုံးသုံးသပ်ဆောင်းပါး၊ ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် အမျိုးသားဒီမိုကရေစီအင်အားစုပါတီဥက္ကဋ္ဌဒေါက်တာသန်းငြိမ်းနှင့်တွေ့ဆုံခြင်း၊ ဆရာမောင်စူးစမ်း ရေးသားသည့် “ငါ့စွဲနိုင်ငံနှင့် အင်စတီကျူးရှင်းနိုင်ငံရေး”၊ ဆရာမောင်ဝံသ ရေးသားသည့် “အောက်သက်ကျေနိုင်ငံရေးသမားအလိုရှိသည်”၊ ဆရာကိုကိုလှိုင် ရေးသားသည့် “စနစ်ကျသော ပြုစုပျိုးထောင်မှု” စသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ မောင်တောမှဖမ်းဆီးရမိသောဆင်ဖြူတော် နေပြည်တော်သို့ သယ်ဆောင်၊ ဆိုမာလီငရဲခန်းမှ တစ်ကျော့ပြန် ဖိုးကံကောင်းများနှင့်တွေ့ဆုံခြင်း၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းဧရိယာမလွတ်သည့် ကျေးရွာများပြောင်းရွှေ့ပြီး သိန်းရာချီတန်အိမ်များ အခမဲ့ဆောက်လုပ်ပေးခဲ့၊ အခပေးကတ်စနစ်သုံး ဘတ်စ်ကားများ လာတော့မည်၊ ပြည်တွင်းပြည်ပ ခရီးစဉ်များ ပုံသန်းရန် လေကြောင်းလိုင်းသစ်ကမ္ဘောဇထူထောင်၊ ဒီဇယ်အင်ဂျင်များ ဂက်စ်/ဒီဇယ် တွဲဖက်အသုံးပြုနိုင်ပြီ၊ တစ်လအတွင်း ဒေါ်လာဈေးနှုန်း သိသာစွာမြင့်တက်၊ အက်ဖ်အီးစီဈေးကျ၊ ကားဈေးနှုန်း ဆက်လက်အေးစက်နေဦးမည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ “သစ်ပင်စိုက်ပျိုးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိအမြင်”၊ “မိဘတွေကလဲ သူ့ကိုချစ်နေပြီးသားဆိုတော့ ပိုအဆင်ပြေတယ်” ပြေတီဦးနှင့် တွေ့ဆုံခြင်း စသည့် ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

သမိုင်းဝင် အဆောက်အအုံ ၁၅ ခုကျော်ကို ရှေးဟောင်းအမွေအနှစ်များအဖြစ်ယူနက်စကိုသတ်မှတ်၊ နိုင်ငံခြားသားအလုပ်သမားများ ခေါ်ယူခြင်းကို စင်ကာပူကြိုဆိုသော်လည်း ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုအပေါ် စိုးရိမ်မကင်းဖြစ်နေကြဟုဆို၊ ပီကေများ စည်းကမ်းမဲ့စွန့်ပစ်မှု လန်ဒန်မြို့တော်ဝန်ကိုင်တွယ်ဖြေရှင်းမည်၊ အာဖဂန်စစ်ပွဲဆိုင်ရာ လျှို့ဝှက်ချက်များ ဝက်ဘ်ဆိုက်တွင် ထပ်မံမဖော်ပြရန် အမေရိကန်တောင်းဆို၊ အင်တာနက်စွဲသော ဆယ်ကျော်သက်များ စိတ်ကျဝေဒနာဖြစ်နိုင်၊ တောင်တရုတ်ပင်လယ်တွင်း အငြင်းပွားနေမှုကို ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းရန် ဟီလာရီပြောကြားချက်ကို တရုတ်ဝေဖန်၊ ဗြိတိသျှနန်းရင်းဝန် ဝင်စတန်ချာချီ အံကပ် ပေါင်စတာလင် ၁၅၂၀၀ ဖြင့် ရောင်းချမည်၊ “အသက်(၁၄)နှစ်အရွယ် မိန်းကလေးတစ်ဦးကို သားမယားပြုကျင့်ပြီး အတင်းအကျပ်ပြည့်တန်ဆာလုပ်ခိုင်းသည့် တရားခံကိုးဦးအား ထောင်ချ” မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးထံ ဩဂုတ် ၁ ရက်က ကျင်းပသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ပစ္စည်း၊ ငွေပဒေသာပင်၊ ပရိဘောဂနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(ပြည်နယ်ပြန်/ဆက်)

# နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

**(ဗုဒ္ဓဟူးနေ့-နံနက်-နေ့လယ်-ည)**

**၁၁-၈-၂၀၁၀**

| | |
|---|---|
| ၇း၀၀ | အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက် |
| ၇း၀၅ | တရားတော် (ပုဗ္ဗဏှသုတ်) ဓမ္မပူဇာတေးပဒေသာ |
| ၇း၃၀ | (၃၈)ဖြာမင်္ဂလာ |
| ၇း၃၅ | နံနက်ခင်းတေးပဒေသာ |
| ၈း၀၀ | စံတော်ချိန်+သတင်း |
| ၈း၁၀ | နံနက်ခင်းတေးပဒေသာ |
| ၁၀း၀၀ | အမှတ်တရတေးလက်ဆောင် |
| ၁၀း၃၀ | သတင်းစာအာဘော် |
| ၁၀း၃၅ | တေးပဒေသာ |
| ၁၁း၀၀ | နေ့လယ်ခင်းသတင်း |
| ၁၁း၁၀ | ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၅၂) နေ့လယ်ခင်းတေးပဒေသာ |
| ၁၁း၃၀ | ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ |

| | |
|---|---|
| ၁၂း၀၀ | စံတော်ချိန် ဂန္ထဝင်ရင်ခုန်သံ(၁၀) |
| ၁၂း၂၅ | ဇာတ်လမ်းပမာနားဆင်စရာ (ရှိခြင်း၊သိခြင်းအကြောင်းတရားများ) |
| ၁၂း၄၅ | တေးပဒေသာ |
| ၁း၀၀ | မွန်းလွဲပိုင်းသတင်း |
| ၁း၁၀ | တေးပဒေသာ |
| ၁း၃၀ | အစီအစဉ်ပြီး၏။ |
| ၄း၀၀ | အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ |
| ၄း၃၀ | စစ်သည်အတွက် တေးလက်ဆောင် |
| ၅း၀၀ | ခံတွင်းမြိန်စရာသူ့လက်ရာ (ငါးပိကောင်ကင်-ငှက်ပျောဖူး ဆီပြန်- ပိန်းရိုးဟင်းခါး) |
| ၅း၁၀ | Current Song |
| ၅း၂၅ | သတင်းစာဆောင်းပါး |

| | |
|---|---|
| ၅း၃၀ | တေးပဒေသာ |
| ၅း၃၅ | အင်္ဂလိပ်စာသုတပဒေသာ(၁၉) |
| ၆း၀၀ | ညနေခင်းသတင်း |
| ၆း၁၀ | ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်(၆၂) |
| ၆း၂၀ | ကျေးလက်ဇာတ်လမ်း (လှုပ်လှုပ်ရှားရှား) |
| ၆း၃၀ | တူယှဉ်သီကြွေးစုံတွဲတေး |
| ၇း၀၀ | နိုင်ငံတကာသတင်း |
| ၇း၀၅ | သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက် |
| ၇း၁၅ | အနုအလှစုံစုံသူ့ဘဝအဖုံဖုံ (ဒါရိုက်တာအကယ်ဒမီ ညီညီထွန်းလွင်) |
| ၇း၄၀ | တေးပဒေသာ |
| ၈း၀၀ | ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက် |
| ၈း၂၀ | တေးပဒေသာ |
| ၈း၅၀ | ကျန်းမာရေးရာသိကောင်းစရာ (သရက်သီးရဲ့ကျန်းမာရေး အကျိုးကျေးဇူးများ) လူမှုရေးဦးတည်ချက် |
| ၉း၀၀ | ခံစားနားဆင်မြန်မာတေးသံစဉ် |
| ၉း၃၀ | ညချမ်းချိန်ခါတေးပဒေသာ |
| ၁၀း၀၀ | အစီအစဉ်ပြီး၏။ |

# ရခိုင်ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၁၀

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းတွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော် (ရေဆင်း)တွင် သုည ဒသမ ၄၀ လက်မ၊ ပုသိမ်ကြီးမြို့ (ရွှေစာရံ)တွင် ၆ ဒသမ ၁၅ လက်မ၊ ကော့သောင်းမြို့တွင် ၄ဒသမ ၈၀ လက်မ၊ စစ်ကိုင်းမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ ကျောက်ဆည်မြို့တွင် ၂ ဒသမ ၂၄ လက်မ၊ မြစ်ငယ်မြို့တွင် ၂ ဒသမ ၂၀ လက်မ၊ မန္တလေးမြို့တွင် ၂ ဒသမ ၀၈ လက်မ၊ အမ်းမြို့နှင့် မန်အောင်မြို့တို့တွင် ၁ ဒသမ ၉၇ လက်မစီနှင့် တံတားဦးမြို့တွင် ၁ ဒသမ ၅၀ လက်မတို့ဖြစ်ကြသည်။
**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။
**ဩဂုတ် ၁၁ ရက် ညနေထိခန့်မှန်းချက်။** ။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။
**မြန်မာ့ပင်လယ်ပြင်တွင်။** ။ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ ရခိုင်ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။
**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။
**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။
**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

| | | |
|---|---|---|
| အမြင့်ဆုံးအပူချိန်(၃၄ဒသမသုညဒီဂရီစင်တီဂရိတ်)၉၃ ဒီဂရီဖာရင်ဟိုက် | | ၉-၈-၂၀၁၀ |
| အနိမ့်ဆုံးအပူချိန်(၂၄ဒသမသုညဒီဂရီစင်တီဂရိတ်)၇၅ဒီဂရီဖာရင်ဟိုက် | | ၁၀-၈-၂၀၁၀ |
| ၉း၃၀ နာရီအချိန် စိုထိုင်းဆ | ၈၅ ရာခိုင်နှုန်း | ၁၀-၈-၂၀၁၀ |
| မိုးရေချိန် | သုည ဒသမ ၄၀လက်မ | ၁၀-၈-၂၀၁၀ |

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

| | | |
|---|---|---|
| အမြင့်ဆုံးအပူချိန်(၃၁ဒသမ၈ဒီဂရီစင်တီဂရိတ်) ၈၉ ဒီဂရီဖာရင်ဟိုက် | | ၉-၈-၂၀၁၀ |
| အနိမ့်ဆုံးအပူချိန်(၂၅ဒသမသုညဒီဂရီစင်တီဂရိတ်)၇၇ဒီဂရီဖာရင်ဟိုက် | | ၁၀-၈-၂၀၁၀ |
| ၉း၃၀ နာရီအချိန် စိုထိုင်းဆ | ၉၃ ရာခိုင်နှုန်း | ၁၀-၈-၂၀၁၀ |
| နေပူသည့်နာရီပေါင်း | ၅ ဒသမ ၈နာရီခန့် | ၉-၈-၂၀၁၀ |

**မိုးရေချိန်**

| **ရက်စွဲ** | **မင်္ဂလာဒုံ** | **ကမ္ဘာအေး** | **ရန်ကုန်မြို့လယ်** |
|---|---|---|---|
| ၁၀-၈-၂၀၁၀ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၁၀မှ ယနေ့အထိ | ၁၁၆၉မမ (၄၆ဒသမ ၀၃လက်မ) | ၁၃၅၀မမ (၅၃ဒသမ၀၅လက်မ) | ၁၅၇၈မမ (၆၂ဒသမ၁၂လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၉-၈-၂၀၁၀ ရက် ၉း၃၀ နာရီတွင် အနောက်မြောက်ဘက်မှ တစ်နာရီ ရှစ်မိုင်နှုန်းတိုက်ခတ်သည်။

# MNL အရန်အသင်းများ အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ ပြီးဆုံး

**ရန်ကုန် ဩဂုတ် ၁၀**

၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးပွဲစဉ်များကို ယနေ့ ညနေ ၄ နာရီက အောင်ဆန်းကွင်း၊ စလင်းကွင်းနှင့် ပဒုမ္မာကွင်းတို့၌ ဆက်လက်ကျင်းပရာ ဥဿာယူနိုက်တက်နှင့် Southern Myanmar တို့ အနိုင်ရရှိသွားသည်။

**(အောင်ဆန်းကွင်း)**
**ဥဿာယူနိုက်တက် - နှစ်ဂိုး**
(ကျော်ဖြိုးဦးနှင့် ထွန်းမင်းဦး)
**နေပြည်တော် - ဂိုးမရှိ**

အမှတ်ပေးဇယား ဒုတိယနေရာတွင် ရပ်တည်နိုင်ရန်အတွက် ဥဿာယူနိုက်တက်အသင်းမှာ ယခုပွဲကို အားထည့်ကစားသွားခဲ့ပြီး ပွဲပြီးခါနီး ၇ မိနစ်အလိုတွင် သွင်းယူခဲ့သော အနိုင်ဂိုးများဖြင့် အမှတ်ပြည့် ရရှိသွားခဲ့သည်။ ယခုပွဲ အနိုင်ရလဒ်ကြောင့် ဥဿာယူနိုက်တက်အသင်းမှာ ခြောက်ပွဲနိုင်၊ လေးပွဲသရေ၊ (၂၂)မှတ်ဖြင့် ဒုတိယနေရာ၌ ရပ်တည်နိုင်ခဲ့ပြီး ရှုံးပွဲကြုံတွေ့ခဲ့သော နေပြည်တော်အသင်းမှာ အဆင့်(၈) နေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။

ပထမပိုင်းတွင် နှစ်သင်းစလုံး အကောင်းဆုံးပုံစံ ထုတ်မပြနိုင်ခဲ့သော်လည်း အပြန်အလှန် ကစားနိုင်ခဲ့သည်။ ဥဿာယူနိုက်တက် အသင်းမှာ ဇော်မျိုးသက်နှင့် မြင့်နိုင် တိုက်စစ်အတွဲဖြင့် အဓိက တိုက်စစ်ဆင်ခဲ့ပြီး ၃၃ မိနစ်တွင် မြင့်နိုင် အပိုင်ပိတ်ခွင့် ရသော်လည်း လွဲချော်ခဲ့၍ နစ်နာခဲ့ရသည်။ ဒုတိယပိုင်း

**နေပြည်တော်အသင်းမှ ကျော်ကျော်ချစ်၏ ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးပမ်းမှုကို ဥဿာနောက်ခံလူများ ဖျက်ထုတ်စဉ်။** (ကြေးမုံ)

ပြန်အစတွင် နေပြည်တော်ကစားပုံ ပိုကောင်းလာပြီး ဖိကစားလာနိုင်သည်။ ဥဿာယူနိုက်တက်အသင်းကလည်း ၆၂ မိနစ်တွင် လက်ရွေးစင်ဟောင်း တိုက်စစ်မှူး ထွန်းမင်းဦးကို ထည့်ကာ တိုက်စစ်အား မြှင့်ခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန် ရှိလာပြီး ၈၃ မိနစ်တွင် ကျော်ဖြိုးဦးက အဝေးမှ ကန်သွင်းပြီး ဥဿာအတွက် အဖွင့်ဂိုး စတင်ရယူပေးခဲ့သည်။ ဥဿာယူနိုက်တက်အတွက် ဒုတိယဂိုးကို ၈၅ မိနစ်တွင် ထွန်းမင်းဦးက သွင်းယူပေးခဲ့သည်။

**(ပဒုမ္မာကွင်း)**
**Southern Myanmar - သုံးဂိုး**
**Delta United - ဂိုးမရှိ**

ပထမအကျော့ ပွဲစဉ်များအပြီးတွင် လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းက (၂၆)မှတ်ဖြင့် ပထမ၊ ဥဿာယူနိုက်တက်အသင်းက (၂၂) မှတ်ဖြင့် ဒုတိယ၊ Southern Myanmar F.C က (၂၀)မှတ်ဖြင့် တတိယ၊ ဇေယျာရွှေမြေက (၁၇)မှတ်ဖြင့် စတုတ္ထနေရာတို့၌ ရပ်တည်နေကြသည်။

(ကြေးမုံ)

# Yangon Expo 2010 ကုန်စည်ပြပွဲ၌ KHIND, MISTRAL အရောင်းပြခန်း ပါဝင်ပြသမည်

**ရန်ကုန် ဩဂုတ် ၁၀**

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပမည့် Yangon Expo 2010 ကုန်စည်ပြပွဲ၌ မလေးရှားနိုင်ငံလုပ် KHIND,MISTRAL MACO အမှတ်တံဆိပ် အဆင့်မြင့်လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများကို ခင်းကျင်းပြသရောင်းချမည်ဖြစ်သည်။

Monarch Company Limited က မလေးရှားနိုင်ငံလုပ် KHIND အမှတ်တံဆိပ်နှင့် ဩစတြေးလျနိုင်ငံတွင် ကျော်ကြားသော MISTRAL အမှတ်တံဆိပ် အဆင့်မြင့် အိမ်သုံးလျှပ်စစ်ပစ္စည်းမျိုးစုံကို လွန်ခဲ့သော(၁၄)နှစ်ကျော်ကာလမှစ၍ ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများသို့ ဖြန့်ချိရောင်းချခဲ့သည်။

KHIND အမှတ်တံဆိပ် ပန်ကာနှင့် လျှပ်စစ်ပစ္စည်းများကို နှစ်ပေါင်း (၄၅)နှစ်ကျော် အတွေ့အကြုံရှိသည့် မလေးရှားနိုင်ငံရှိ KHIND စက်ရုံကြီးမှ ထုတ်လုပ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၅၀ ကျော်သို့ တင်ပို့ဖြန့်ချိလျက်ရှိသည်။

KHIND ပန်ကာများမှာ လှပသေသပ်ခိုင်ခံ့ပြီး အာမခံသက်တမ်းထက်ကျော်လွန်၍ နှစ်ရှည်ကြာစွာ သုံးရသည့်အတွက် KHIND တံဆိပ်သုံးစွဲသူများက အထူးကျေနပ်မှုရှိကြောင်း၊ Insect Killer (ခြင်ဖမ်းစက်)မှာ သုံးစွဲသူတိုင်း လက်ခံကြပြီး ဟိုတယ်၊ စားသောက်ဆိုင်၊ ရေထွက်ပစ္စည်းများထုပ်ပိုးသည့် အအေးခန်း၊ အလုပ်ရုံများ၊ ဆေးရုံ၊ ဆေးခန်းများ၌ တွင်တွင်ကျယ်ကျယ် အသုံးပြုကြပြီး KHIND ဖုန်စုပ်စက်(Vacuum Cleaner)များမှာလည်း ရေရှည်အသုံးခံကြောင်း၊ ယခု NANO ကျန်းမာရေး အထောက်အကူပြု ပန်ကာများလည်း ထပ်မံရောက်ရှိလာပြီး NANO HYGTENEFAN တွင် ကျန်းမာရေးလေစစ်ကိရိယာ သုံးဆင့်ပါဝင်ကြောင်း၊ MISTRAL အမှတ်တံဆိပ်ဖြင့် နည်းပညာဆန်းသစ်သော ၃၆၀ဒီဂရီ ပတ်လည်လှည့် ပန်ကာနှင့် ဒီဇိုင်းအသစ် Tower Fan များ၊ ထမင်းပေါင်းအိုး၊ အသားကင်စက်(Oven Toaster)၊ မိုက်ကရိုဝေ့ဗ် အသားကင်စက် (Microwave Oven )၊ လျှပ်စစ်သံလိုက်မီးဖိုများ (Induction Cooker)၊ Glass Hob Gas Cooker, (မှန်သားမျက်နှာပြင်ဂက်စ်မီးဖို)၊ Cooker Hood With Auto Cleaning (အလိုအလျောက်သန့်စင်စနစ်ပါ အငွေ့စုပ်စက်)နှင့် အခြားအိမ်သုံးလျှပ်စစ်ပစ္စည်း မျိုးစုံဖြန့်ချိထားကြောင်း၊ MACO အမှတ်တံဆိပ် အဝတ်လျှော်စက်များ၊ ရေခဲသေတ္တာနှင့် Chest Freezer များမှာ စံချိန်စံညွှန်းမီ အရည်အသွေးအပြည့်အဝရှိပြီး မလေးရှားနိုင်ငံတွင် ထုတ်လုပ်၍ ကုမ္ပဏီမှ အာမခံနှစ်နှစ်ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

KHIND, MISTRAL နှင့် MACO အဆင့်မြင့် လျှပ်စစ်အိမ်သုံးပစ္စည်းများကို ကုန်စည်ပြပွဲကြီးတွင် စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ပြီး ရန်ကုန်မြို့နှင့် အောက်မြန်မာပြည်အတွက် MACO Electronic (KHIND Digital World) Showroom အမှတ် ၂၀၄ မြေညီထပ် စက်ရုံလမ်း (MOB)ဘဏ်ဘေး မင်္ဂလာဈေးအနီး တာမွေမြို့နယ် ဖုန်း-၂၀၅၁၃၀တွင်လည်း ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပမည့် Yangon Expo 2010ကုန်စည်ပြပွဲ၌ ပါဝင်ပြသမည့် KHIND, MISTRAL အရောင်းပြခန်း။**
(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း တက်ရောက်ဆုချီးမြှင့်

နေပြည်တော် ဩဂုတ် ၁၀

**အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးပြီး သံဓာတ်ဆေးပြားနှင့် ဗီတာမင်ဘီဆေးပြားများကို ဖြန့်ဝေပေးအပ်ကာ ကလေးငယ်များအား ဗီတာမင်ဆေးလုံးနှင့် သန်ချဆေးများ တိုက်ကျွေး၍ **(အပေါ်ဝဲပုံ)** အာဟာရပြခန်းငယ်နှင့် ဆုရစာမူများ၊ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည် ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လက်ထောက်အင်ဂျင်နီယာ ဦးအောင်သူနှင့် ဝန်ထမ်းများ ဩဂုတ် ၁ ရက်က မြို့ပေါ်ကျောင်းများနှင့် မြို့ပေါ်ရပ်ကွက်များ၌ ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# မြို့တော်ဝန် ဦးဖုန်းဇော်ဟန် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၀**

မန္တလေးတိုင်း (စည်ပင်သာယာနယ်မြေ) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဩဂုတ် ၄ ရက်တွင် အမရပူရမြို့နယ် တောင်သမန်ကန်ပတ်လမ်း၌ ကျင်းပရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ ရှေးဦးစွာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများက အရိပ်ရစိန်ပန်းပင်များကို စိုက်ပျိုးပေးကြပြီး အခမ်းအနားတက်ရောက်လာကြသူများ၏ သစ်ပင်များစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်သည် မန္တလေးမြို့ပတ်လမ်း (ဒေါနဘွား အပိုင်း) လမ်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မုံရွာမြို့ အောင်ဇေယျလမ်းမကြီး (အောင်မင်္ဂလာအဝိုင်းပတ်လမ်းဆုံမှ ဂေါက်ကွင်းအထိ) ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေအား စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြအောင်နှင့်အဖွဲ့ ဩဂုတ် ၂ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် တာဝန်ခံအင်ဂျင်နီယာ၊ အင်ဂျင်နီယာမှူးတို့ ရှင်းလင်းပြသစဉ်။** (မြို့နယ်စည်ပင်)

**ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဈေးကြီးရပ်ကွက် သင်္ဂဟလမ်းနေ ဒေါ်ကြင်လှိုင်၏ (၈၄) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် တစ်နေ့စာ အထူးအာဟာရအတွက် ငွေကျပ်နှစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

# ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းမြောက်ရပ်ကွက်၊စမ်းချောင်းလမ်း၊ အမှတ် ၂၀၊ (A-4) ၄လွှာ၊ ခေါင်းရင်းခန်းနှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်း၊ တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်များကို အဆောက်အအုံ၏ မြေရှင်နှင့် တိုက်ခန်းပိုင်ရှင်ဖြစ်သူ ဒေါ်နွယ်နွယ် [၁၂/စခန(နိုင်) ၀၀၅၆၄၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ယင်းတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများသည် ကြေညာစာပါသည့်ရက်မှ (၇)ရက်(ခုနစ်ရက်)အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အပြီးအပိုင် အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းဇော်(ဝိဇ္ဇာဥပဒေဝိဇ္ဇာ)**
**တရားရုံးချုပ်ရှေ့နေ(စဉ်-၇၃၇၀)**
**အမှတ်-၁၇၊ ပန်းခြံလမ်း၊ စမ်းချောင်းမြို့နယ်။**
**ဖုန်း-၀၉-၅၀၃၉၉၉၁၊ ၀၁-၇၂၇၆၈၁**

**ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး၊ ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၅ ရက်က အထက(၁) ကျောင်းခန်းမဆောင်၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါက ကျောင်းသုံးစာရေးကိရိယာများကို ချို့တဲ့ကျောင်းသား၊ ကျောင်းသူများအား တစ်ဦးချင်း ပေးအပ်လှူဒါန်းစဉ်။** (၃၂)

# ရေဝတီတိုင်း မြို့နယ်အသင်းများ စုပေါင်းလှူဒါန်းပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၀**

ရေဝတီတိုင်း ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးတော်ဆောင်အဖွဲ့နှင့် ရန်ကုန်မြို့ရှိ ရေဝတီတိုင်းမှ မြို့နယ်အသင်းများနှင့် စုပေါင်း၍ စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရေဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

## မြို့နယ်သတင်းများ

# ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်) စုပေါင်းလှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၀**

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်)၏ (၉)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၄ ရက်တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီးရှိ ဒေးဒရဲအသင်းဓမ္မာရုံ၌လည်းကောင်း၊ (၂)ကြိမ်မြောက် ဒုတိယဝါဆိုကာလ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၅ ရက်တွင် ဒေးဒရဲမြို့ မင်္ဂလာကန်ကျောင်း၌ လည်းကောင်းကျင်းပခဲ့ရာ ဒေးဒရဲမြို့နယ်အသင်းဥက္ကဋ္ဌ ဦးအောင်သန်းမြင့် **(အောက်ပုံ)**နှင့် အလှူရှင်အသင်းသူ အသင်းသားများက စုပေါင်းပါဝင် လှူဒါန်းခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

# အမွေဆက်ခံရန်သက်သေခံလက်မှတ်စာရစေခြင်းငှာ၊ လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၁၀ခုနှစ်၊**
**တရားမအထွေထွေမှုအမှတ်-၉၉**

(ကွယ်လွန်သူ ဦးခင်မောင်လေးနှင့် ကွယ်လွန်သူ ဒေါ်အေးအေးဝင်း(ခ)ဒေါ်မြတ်သီရိခင်တို့၏ ကျန်ရှိရစ်သောပစ္စည်းများအကြောင်း)

လျှောက်ထားသူဒေါ်ကျင်မြ(၎င်း၏အခွင့်ရကိုယ်စားလှယ်စာရသူ ဒေါက်တာဒေါ်သန်းသန်းဆွေ)နှင့် ဒေါ်မိမိလေး (၎င်း၏အခွင့်ရကိုယ်စားလှယ်စာရသူ ဦးအောင်ဝင်း)

ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ်၊ (၄၅)လမ်း၊ (၉)ရပ်ကွက်၊ အမှတ်-၆၀/၆၂နေ ဒေါ်ကျင်မြ(၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါက်တာဒေါ်သန်းသန်းဆွေ)နှင့် ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ စိန်ပန်းလမ်းသွယ်(၃)လမ်း၊ အမှတ်(၂/၂၉/၁၈၆)နေ ဒေါ်မိမိလေး (၎င်း၏ အခွင့်ရကိုယ်စားလှယ်ဦးအောင်ဝင်း)တို့က ကွယ်လွန်သူ ဦးခင်မောင်လေးနှင့် ဒေါ်အေးအေးဝင်း(ခ)ဒေါ်မြတ်သီရိခင်တို့၏ မိခင်အရင်းများဖြစ်သည်ဟူ၍ ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်လမ်းသွယ်(၄)လမ်း၊ တိုက်အမှတ်(၆/၈) အခန်းအမှတ်(၄/က)နေ ၎င်းကွယ်လွန်သူ ဦးခင်မောင်လေးနှင့် ဒေါ်အေးအေးဝင်း(ခ)ဒေါ်မြတ်သီရိခင်မှာကျန်ရှိသောပစ္စည်းပိုင်အနက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန်သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်ရလိုကြောင်း၊ ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ကွယ်လွန်သူ ဦးခင်မောင်လေးနှင့် ဒေါ်အေးအေးဝင်း(ခ)ဒေါ်မြတ်သီရိခင်မှာ ကျန်ရှိသောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၀ခုနှစ်၊ ဩဂုတ်လ(၂၅)ရက် (၁၃၇၂ခုနှစ်၊ ဝါခေါင်လပြည့်)နေ့ နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်ကျင်မြ(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါက်တာဒေါ်သန်းသန်းဆွေ)နှင့် ဒေါ်မိမိလေး (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအောင်ဝင်း)တို့ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်စာရသင့် မသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၀ခုနှစ်၊ ဩဂုတ်လ(၆)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**သိန်းသိန်း(တ/၁၇၂၇)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

# သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

## ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ဒုတိယအဆင့် အမြန်ဆုံးအကောင်အထည်ဖော်နေ

ရန်ကုန်မြို့နှင့် ဆင်ခြေဖုံးမြို့နယ်များ၊ မြို့သစ်များသို့ ဂျိုးဖြူ ဖူးကြီး၊ ငမိုးရိပ်၊ လှော်ကားရေလှောင်ကန်ကြီးများနှင့် စည်ပင်သာယာပိုင် **စက်ရေတွင်းများမှ ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေများ တစ်နေ့လျှင် ရေဂါလန် သန်း ၁၄၀ ဖြန့်ဖြူးလျက်ရှိသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့ ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ဒုတိယအဆင့်ကို ဆက်လက်ဆောင်ရွက်နေစဉ် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ပင်မရေသွယ်ပိုက်ကြီးနှင့် အလှမ်းကွာဝေးသော ရပ်ကွက်များတွင် ကျန်းမာရေးနှင့် ညီညွတ်သော သောက်သုံးရေများ ပိုမိုရရှိစေရန် ဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ရေပေးဝေရေးစခန်း အမှတ်(၁)နှင့် အမှတ်(၂)တို့ကို တည်ဆောက်ပေးနိုင်ခဲ့သည်။ ထိုအကျိုးကျေးဇူးကြောင့် တစ်နေ့လျှင် ရေဂါလန်နှစ်သန်း ပိုမိုဖြန့်ဝေနိုင်ခဲ့သည်။**

ထိုနည်းတူစွာ လှိုင်သာယာမြို့နယ်တွင်လည်း နေ့စဉ်ပေးဝေနေကြ သောက်သုံးရေများအပြင် ထပ်မံ၍ မြေအောက်ရေအရင်းအမြစ်ရှာဖွေရာ ရန်ကုန်-ထန်းတပင်မြို့သွား ကားလမ်းတစ်နေရာ သဲဖြူကျေးရွာ၌ ကျန်းမာရေးနှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့**◆

### သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
### သန်းဆွေ(ပန်းဘဲတန်း)

**အဆင်အပြင်-ကျော်စွာလင်း**

ရန်ကုန်မြို့နေပြည်သူများ သောက်သုံးရေဖူလုံရေးအတွက် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)ဒုတိယအဆင့်ကို ဆောင်ရွက်လျက်ရှိရာ အထယု ရေပေးဝေရေးစခန်းတွင် အနည်ထိုင်ကန်နှင့် အမြန်သဲရေစစ်ကန်များကို တွေ့ရစဉ်။

## အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် ဩဂုတ် ၁၀**

ယနေ့နံနက် မြန်မာစံတော်ချိန် နံနက် ၄ နာရီ ၅၃ မိနစ် ၅၄ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၃၂၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ (အိန္ဒိယနိုင်ငံ ကပ္ပလီကျွန်း)ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၅ ဒသမ ၄ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)